# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက် ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၃၁ ရက်၊ စနေနေ့ အတွဲ (၆၃)၊ အမှတ်(၃၃၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

## ပဲခူးတိုင်းဒေသကြီးအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်လို

### နိုင်ငံ့ဝန်ထမ်းများ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ယနေ့ ဖတ်စရာ**

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများလာရောက်ဂုဏ်ပြုပေးအပ်** ပြည်တွင်းသတင်း စာ ၆

**အမေရိကန် ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် ရွေးချယ်ခံရပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ဟားရစ် အင်တာဗျူးဖြေဆို** နိုင်ငံတကာသတင်း စာ ၁၃

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

၃၀ - ၈ -၂၀၂၄

| | |
|---|---|
| ဖျာပုံမြို့ | ၃ ဒသမ ၁၅ လက်မ |
| သာယာဝတီမြို့ | ၂ ဒသမ ၆၄ လက်မ |
| ရန်ကုန်(ဗိုလ်တထောင်မြို့နယ်) | ၂ ဒသမ ၅၅ လက်မ |
| ပိုင်ကျုံမြို့ | ၂ ဒသမ ၅၅ လက်မ |
| ကွမ်းခြံကုန်းမြို့ | ၂ ဒသမ ၂၈ လက်မ |






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြစဉ်။

❖ **နွေစပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ အထွက်နှုန်းများ ပိုမိုတိုးတက်စေရေး ဆောင်ရွက်သွားရန်လို၊ ထွက်ရှိလာသည့် ဆန်၊ စပါးများကို ပြည်ပဈေးကွက်သို့ တင်ပို့နိုင်သည့် အရည်အသွေးရှိသည်အထိ သုတေသနပြု ကြိုးပမ်းဆောင်ရွက်သွားရန်လို**

❖ **ဒေသတွင်း စားသုံးဆီဖူလုံမှုကို အထောက်အကူပြုစေရန်အတွက် ဆီထွက်သီးနှံတစ်ခုဖြစ်သည့် နေကြာစိုက်ပျိုးမှုများကိုလည်း တိုးချဲ့ဆောင်ရွက်သွားရန်လို**

❖ *ရှေ့ဖုံးမှ*

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ဒေသဆိုင်ရာအချက်အလက်များနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်မှု အခြေအနေများအား ရှင်းလင်းတင်ပြ

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးဆိုင်ရာ အချက်အလက်များ၊ သီးနှံများ စိုက်ပျိုးလျက်ရှိမှုနှင့် သီးထပ်သီးနှံစိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိမှု၊ စပါးထွက်ရှိမှုနှင့် ဒေသဝမ်းစာဖူလုံမှု၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိမှု၊ စက်မှုကုန်ကြမ်းသီးနှံနှစ်အလိုက် စိုက်ပျိုးလျက်ရှိမှု၊ ဝါသီးနှံစိုက်ပျိုးမှု၊ ရေအရင်းအမြစ်များရရှိမှုနှင့် ထိန်းသိမ်းထားရှိမှု၊ စိုက်ပျိုးရေးအထောက်အကူပြုပစ္စည်း ကိရိယာများ ဖြန့်ဝေပေးလျက်ရှိမှု၊ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး (၂)သီးမှ (၃)သီး သီးထွက်စွမ်းအား တိုးမြှင့်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နွေစပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ အထွက်နှုန်းများ ပိုမိုတိုးတက်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ထွက်ရှိလာသည့် ဆန်၊ စပါးများကို ပြည်ပဈေးကွက်သို့ တင်ပို့နိုင်သည့် အရည်အသွေးရှိသည်အထိ သုတေသနပြု ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသတွင်း စားသုံးဆီဖူလုံမှုကို အထောက်အကူပြုစေရန်အတွက် ဆီထွက်သီးနှံတစ်ခုဖြစ်သည့် နေကြာစိုက်ပျိုးမှုများကိုလည်း တိုးချဲ့ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

## နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲခဲ့မှု အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် မဲမသမာမှုများကို တာဝန်ရှိသူများက ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့သည့်အခြေအနေများ၊ နိုင်ငံတော်တွင် ဖြစ်ပေါ်လာခဲ့သည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရအရေးပေါ်အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှုအခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အကျပ်အတည်းများနှင့် နိုင်ငံရေးအမြတ်ထုတ်လိုသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ရပ်များကို ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့မှု အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် မူဝါဒများ၊ ဦးတည်ချက်များ ချမှတ်၍ ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

## လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး

ယင်းနောက် မိမိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များကို သင်ခန်းစာယူပြီး လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများ မှန်ကန်မှုရှိစေရေးအတွက် မြေပြင်စာရင်းကောက်ယူခြင်းလုပ်ငန်းများအပါအဝင် လုပ်ငန်းစဉ်များအတိုင်း စနစ်တကျ စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မဲစာရင်းအချက်အလက်များ မှန်ကန်မှုရှိစေရေး လာမည့်အောက်တိုဘာလတွင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ သန်းခေါင်စာရင်းကောက်ယူရာတွင် ပဲခူးတိုင်းဒေသကြီးအတွင်း ရာနှုန်းပြည့်ကောက်ယူနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ စာရင်းဇယားများ မှန်ကန်စွာရရှိစေရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ ရွေးကောက်ပွဲကို စည်းစနစ်ကျနမှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးနှင့် ၎င်းရွေးကောက်ပွဲမှ ထွက်ပေါ်လာသည့်အစိုးရကို နိုင်ငံတော်တာဝန်များ လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်အစည်းအဝေးကျင်းပနိုင်ရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လွှတ်တော်အသီးသီးတွင် အစည်းအဝေး အထမြောက်စေရေး၊ သိက္ခာရှိသည့်လွှတ်တော်အစည်းအဝေးဖြစ်စေရေးနှင့် သတ်မှတ်ကိုယ်စားလှယ်များ ရွေးချယ်တက်ရောက်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဆိုပါ လွှတ်တော်များတွင် သက်ဆိုင်ရာဒေသအလိုက် ပါဝင်သင့်သူများပါဝင်မှသာ လွှတ်တော်အတွင်း ကိုယ်စားပြုမှုများမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို သိရှိနိုင်ရန် ပြောကြားရခြင်းဖြစ်ကြောင်း။

## နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာများနှင့်ပတ်သက်၍ မိမိတို့စတင်တာဝန်ထမ်းဆောင်ချိန်တွင် အနောက်နိုင်ငံများအနေဖြင့် စီးပွားရေးပိတ်ဆို့မှုများကို လုပ်ဆောင်ခဲ့ကြောင်း၊ အထောက်အပံ့များပေးအပ်မှုကိုလည်း လျှော့ချခဲ့ကြောင်း၊ ထိုသို့စီးပွားရေးအရ ပိတ်ဆို့မှုများကြောင့် မိမိတို့နိုင်ငံပိုင်နိုင်ငံခြားငွေများ သုံးစွဲမှုမပြုနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကုန်သွယ်မှုများမှရရှိသည့်ငွေများကို အဓိကထား သုံးစွဲနေရခြင်းဖြစ်ကြောင်း၊ ယခင်က ပြည်ပမှဝင်နေသည့် ဝင်ငွေများကို ပြန်လည်စိစစ်ခဲ့ရာတွင် ချေးငွေများ၊ ထောက်ပံ့ငွေများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြစ်သည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် ပြည်ပချေးငွေများကို တတ်နိုင်သမျှ ပြန်လည်ပေးဆပ်ရလျက်ရှိကြောင်း၊ အဓိကအားဖြင့် ကုန်သွယ်မှုများ ဆောင်ရွက်နိုင်ရန်အတွက် ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်ပသို့ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်မှသာ နိုင်ငံခြားငွေများတိုးတက်ရရှိပြီး နိုင်ငံ့စီးပွားရေး တိုးတက်လာမည်ဖြစ်ကြောင်း။

နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်နိုင်ရေးအတွက် နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ သီးနှံများ ဖြစ်ထွန်းအောင်မြင်ပြီး အထွက်နှုန်းကောင်းမွန်စေရေး မျိုး၊ မြေ၊ ရေ၊ နည်းဟူသည့် နည်းလမ်း (၄) ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ အထွက်နှုန်းများ တိုးတက်လာမည်ဆိုပါက စိုက်ပျိုးရေးတောင်သူများ ဝင်ငွေပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် နိုင်ငံအတွက်လည်း ဝင်ငွေများရရှိပြီး နိုင်ငံ့စီးပွားရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

❒ **မဲစာရင်းအချက်အလက်များ မှန်ကန်မှုရှိစေရေး လာမည့်အောက်တိုဘာလတွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်၊ ထို့ကြောင့် အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ သန်းခေါင်စာရင်းကောက်ယူရာတွင် ပဲခူးတိုင်းဒေသကြီးအတွင်း ရာနှုန်းပြည့်ကောက်ယူနိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လို၊ စာရင်းဇယားများ မှန်ကန်စွာရရှိစေရေး ဆောင်ရွက်ကြရန်လို၊ ရွေးကောက်ပွဲကို စည်းစနစ် ကျနမှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးနှင့် ၎င်းရွေးကောက်ပွဲမှ ထွက်ပေါ်လာသည့်အစိုးရကို နိုင်ငံတော် တာဝန်များ လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်**

စာမျက်နှာ ၄ သို့





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဲခူးမြို့ ကမ္ဘောဇသာဒီရွှေနန်းတော်အတွင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

စာမျက်နှာ ၃ မှ

ပဲခူးတိုင်းဒေသကြီးအနေဖြင့်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ စက်မှုကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်သည့် ရော်ဘာ၊ ကော်ဖီ၊ ကြံ၊ ဝါနှင့် လက်ဖက်တို့ကိုလည်း တိုးချဲ့ စိုက်ပျိုးစေလိုကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပါက နိုင်ငံသူ၊ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကာ သာယာဝပြောမှု ရှိလာမည်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းလာမည်ဆိုပါက နိုင်ငံတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ စဉ်းစားဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံ့ဝန်ထမ်းများအတွက် ထောက်ပံ့ကြေးများ တိုးပေးခြင်းနှင့် သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက်လည်း ထိုက်သင့်သည့် ထောက်ပံ့မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သင်ကြားရေးနှင့်ပတ်သက်သည့် ဆရာ၊ ဆရာမများကိုလည်း ဘွဲ့များအလိုက် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း။

### ပညာရေးနှင့် ကျန်းမာရေး

ပညာသင်ကြားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဆရာ၊ ဆရာမ များစွာလိုအပ်နေဆဲဖြစ်ပြီး






နိုင်ငံတော်အနေဖြင့် တတ်နိုင်သရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ ပညာရေးကဏ္ဍမြှင့်တင်နိုင်ရေးအတွက် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်ရောက်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တန်းစဉ်ကူးပြောင်းမှု ရာခိုင်နှုန်းများလည်း ကောင်းမွန်နေရန်လိုကြောင်း၊ ပညာရည်သင်ကြားနိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုရှိရန်နှင့် စီးပွားရေးကောင်းမွန်ရန်လည်း လိုအပ်မည်ဖြစ်သဖြင့် တိုင်းဒေသကြီးအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် ယာယီပိတ်ထားရသည့် ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း ကျောင်းသားများ အမှန်တကယ် ပညာတတ်မြောက်စေရေး အချိန်ပိုများဖြင့် သင်ကြားပေးသွားရန်လိုကြောင်း။

ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသားများ အမှန်တကယ်စာတတ်မြောက်အောင် သင်ကြားပေးလိုသည့်စိတ်ရှိရန်လိုကြောင်း၊ ပညာရေးသည် နိုင်ငံ၏ အနာဂတ်ပင်ဖြစ်ပြီး ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းရာတွင် ပညာတတ်များ ပေါ်များကြွယ်ဝရန်လိုကြောင်း၊ ပညာတတ်များ ပေါ်ကြွယ်ဝမှသာ အသိပညာ၊ အတတ်ပညာများ ရရှိပြီး စီးပွားရေးများကို တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အသိပညာ၊ အတတ်ပညာများ ရရှိရန်အတွက် အတန်းပညာကောင်းမွန်အောင်

စာမျက်နှာ ၅ သို့





### ကြည့်ရှုစစ်ဆေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဲခူးမြို့ ကမ္ဘောဇသာဒီရွှေနန်းတော်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



## ကြည့်ရှုစစ်ဆေး

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟံသာဝတီမြို့ဟောင်း ကျုံးနှင့် မြို့ရိုးနေရာတို့အား ကြည့်ရှုစစ်ဆေးစဉ်။**

*စာမျက်နှာ ၄ မှ*

မိမိတို့အနေဖြင့် အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံသားများအနေဖြင့် စီးပွားရေးအခြေခံများရရှိစေရန်အတွက် တက္ကသိုလ်များတွင် စီးပွားရေးပညာရပ်များကို သင်ကြားပေးလျက်ရှိသကဲ့သို့ ဒီမိုကရေစီကို သိရှိနားလည်နိုင်ရန်အတွက် တက္ကသိုလ်များတွင် ဥပဒေပညာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အတွက် လုပ်ငန်းတာဝန်များကို စနစ်တကျဖြင့် ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ **ပဲခူးတိုင်းဒေသကြီးသည် ရေခံမြေခံကောင်းမွန်သည့် တိုင်းဒေသကြီးဖြစ်ပြီး အသိပညာ အတတ်ပညာ ပြည့်ဝသည့် လူငယ်များ မွေးထုတ်နိုင်မည်ဆိုပါက ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း**။

ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်ဟူသည့် မူဝါဒနှင့်အညီ ဆရာဝန်များအား ခန့်အပ်တာဝန်ပေးထားကြောင်း၊ နိုင်ငံအဝန်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အနေဖြင့် ကျန်းမာရေးဝန်ထမ်းများ စဉ်ဆက်မပြတ် ခန့်အပ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်မှ ထိုသို့ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်သူများအနေဖြင့်လည်း ကျန်းမာရေးအသိပညာများရှိရန်လိုပြီး ကျန်းမာရေးနှင့်လျော်ညီသည့် နေထိုင်စားသောက်မှုများရှိရန် လိုကြောင်း၊ လူတစ်ဦးတစ်ယောက် ကျန်းမာရေးထိခိုက်လာမည်ဆိုပါက ကာယကံရှင်ကိုယ်တိုင်သာမက ၎င်း၏ ပတ်ဝန်းကျင်၊ အဖွဲ့အစည်းနှင့် မိသားစု၏ အကျိုးစီးပွားကိုပါ ထိခိုက်စေနိုင်ကြောင်း၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်ဖြစ်သဖြင့် ကျန်းမာရေးနှင့်ပတ်သက်၍ ဂရုစိုက်ဆောင်ရွက်ကြရန်လိုကြောင်း၊ ကျန်းမာရေးနှင့်ဆက်စပ်၍ အားကစားကဏ္ဍ တိုးတက်မှုရှိစေရေးအတွက်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းစေရေး၊ စိတ်ဓာတ်ကောင်းမွန်စေရေး၊ အားကစားနည်းအလိုက် နည်းစနစ်ပိုင်းဆိုင်ရာများ ကျွမ်းကျင်မှုရှိစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေး၊ မျိုးချစ်စိတ်များ ရှင်သန်ထက်မြက်ရေးတို့အတွက် အားကစားကဏ္ဍကို မြှင့်တင်ခြင်းဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

### တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး

တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ပြည်သူ့လုံခြုံရေးကို ဆောင်ရွက်လျက်ရှိပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နယ်မြေခံ ရပ်မိရပ်ဖများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးမှူးအဆင့်ဆင့်တွင်လည်း ဒေသအကျိုးအတွက် အမှန်တကယ် တာဝန်ထမ်းဆောင်လိုသည့်သူများကိုသာ တာဝန်ပေးအပ်ရန်လိုကြောင်း၊ အုပ်ချုပ်ရေးမှူးများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ပြည်သူများနှင့် မြေပြင်၌ အမှန်တကယ် ထိတွေ့နေသူများဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများအပေါ် ကောင်းမွန်စွာ ဆက်ဆံဆောင်ရွက်ရန်လိုကြောင်း၊ အဆင့်ဆင့်သတင်းပေးသည့်စနစ်ကို ဖော်ဆောင်၍ ဒေသအတွက် ကောင်းရာကောင်းကျိုးဆောင်ရွက်မည့်သူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များပူးပေါင်း၍ ပြည်သူ့လုံခြုံရေးစနစ်ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဆင့်ဆင့်သတင်းပေးသည့်စနစ်ကိုကျင့်သုံးပါက အမှုအခင်းများလည်း များစွာလျော့နည်းသွားမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပိုင်းကို ကျေးလက်များအထိ ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဆိုပါက သန်းခေါင်စာရင်းကောက်ယူမှုများနှင့် ရွေးကောက်ပွဲကျင်းပမှုများကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပဲခူးတိုင်းဒေသကြီးအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကဏ္ဍကို အလေးထားဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ မိမိအနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး စသည်တို့နှင့်ပတ်သက်၍ နိုင်ငံတော်တွင် ဖြစ်ပေါ်နေမှုများ၊ နိုင်ငံတော် အစိုးရ၏ မျှော်မှန်းဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများအနေဖြင့် သိရှိနိုင်ရေး ယခုကဲ့သို့ အချိန်ယူကာ ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်ကြောင်းနှင့် မိမိတို့တာဝန်ကျရာ တိုင်းဒေသကြီးမှတစ်ဆင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေး တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

### နန်းတော်အတွင်း ပြုပြင်ထိန်းသိမ်းခြင်း လှည့်လည်ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပဲခူးမြို့ ကမ္ဗောဇသာဒီရွှေနန်းတော်သို့ ရောက်ရှိကြပြီး ရွှေနန်းတော်အတွင်း ယခင်မြေနန်းပြာသာဒ်ဆောင်နေရာမှ တူးဖော်ရရှိသည့် ကျွန်းတိုင်များ ပြသထားရှိမှု၊ နန်းတော်အတွင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် နန်းတော်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အဆင့်ဆင့် အသေးစိတ်ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ နန်းတော်အတွင်း အမြဲသန့်ရှင်းသပ်ရပ်စေရေး ဆောင်ရွက်နေရန်လိုကြောင်း၊ ရှေးခေတ်အသုံးအဆောင်ပစ္စည်းများအား ပျက်စီးမှုမရှိစေရေး ထိန်းသိမ်းပြသထားရန်လိုကြောင်း၊ နန်းတော်ဝင်းအတွင်း လမ်းများကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ ရေဝပ်ဧရိယာများ မရှိစေရေးဆောင်ရွက်ရန်နှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ နန်းတော်ကြီး ရေရှည်တည်တံ့နေစေရေး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသည်။



❑ **ကျုံးအား ရေရှည်တည်တံ့စေရေး ဆောင်ရွက်ရန်လို၊ မြို့ရိုးနေရာများအား ပြန်လည်တူးဖော်၍ မြို့ရိုးပြန်လည်တည်ဆောက်သွားရန်နှင့် တည်ဆောက်ချိန်တွင်လည်း လိုအပ်သည့် အချက်အလက်များနှင့် အထောက်အထားများ ပြည့်စုံအောင် ပြုစုဆောင်ရွက်ရန်လို၊ မူလပုံစံအတိုင်း တည်ဆောက်သွားနိုင်ရန်လို**

### မူလပုံစံအတိုင်း တည်ဆောက်သွားနိုင်ရန်လို

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဟံသာဝတီနေပြည်တော်၊ သာယာဝတီတံခါးအနီးရှိ ဟံသာဝတီမြို့ဟောင်း ကျုံးနှင့် မြို့ရိုးနေရာတို့အား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ကျုံးအား ရေရှည်တည်တံ့စေရေး ဆောင်ရွက်ရန်လိုကြောင်း၊ မြို့ရိုးနေရာများအား ပြန်လည်တူးဖော်၍ မြို့ရိုးပြန်လည်တည်ဆောက်သွားရန်နှင့် တည်ဆောက်ချိန်တွင်လည်း လိုအပ်သည့်အချက်အလက်များနှင့် အထောက်အထားများ ပြည့်စုံအောင် ပြုစုဆောင်ရွက်ရန်လိုကြောင်း၊ ပြန်လည်တည်ဆောက်ရာတွင်လည်း ရှေးမူမပျက် မူလပုံစံအတိုင်း တည်ဆောက်သွားနိုင်ရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်

**နေပြည်တော် ဩဂုတ် ၃၀**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ဩဂုတ် ၂၉ ရက်နှင့် ယနေ့တို့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဝန်ထမ်းမိသားစုများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများနှင့် ပြည်ထောင်စု လွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံး ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော် တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ်ဦးသာထွေး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ သာသနာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ လွှတ်တော်ရုံးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်းငါးဆယ်နှင့် ငွေကျပ်သိန်းသုံးဆယ်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ငွေကျပ်တစ်ရာ့ခြောက်သိန်း ရှစ်သောင်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ပြည်ထောင်စု လွှတ်တော်ရုံး ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ်ဆယ်သိန်းကို လည်းကောင်း၊ ပြည်သူ့လွှတ်တော်ရုံး ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်းနှစ်ဆယ်ကိုလည်းကောင်း၊ အမျိုးသားလွှတ်တော်ရုံး ဝန်ထမ်းသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ် ဆယ်သိန်းကိုလည်းကောင်း ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများက တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။



ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဝန်ထမ်းမိသားစုများကိုယ်စား ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာထွေးက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများကို တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်စဉ်။

အလားတူနိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး၊ ဧည့်ခန်းမ၌ ပြုလုပ်ရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဆန်းနှင့် တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ပြည်နယ်ဝန်ကြီးချုပ်ကပေးအပ်ရာ ဒုတိယတိုင်းမှူးက လက်ခံရယူပြီး **(အောက်ဝဲပုံ)** ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို ဩဂုတ် ၂၇ ရက် မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဧည့်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှတာဝန်ရှိသူများက စေတနာရှင်အလှူရှင်များမှ လှူဒါန်းသည့် ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး **(အောက်ယာပုံ)**ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများကို ရှေ့တန်းစစ်မျက်နှာ အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရွပ်ရွပ်ချွံချွံ တာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





## ရမည်းသင်းမြို့နယ် မကျီးကုန်းကျေးရွာ၌ သီးနှံအခြေခံတန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်



**ရမည်းသင်း ဩဂုတ် ၃၀**

ရမည်းသင်းခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ သီးနှံအခြေခံတန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီက ရမည်းသင်းမြို့နယ် မကျီးကုန်းကျေးရွာ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူးက အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ ကျေးလက်နေပြည်သူများထံသို့ လက်ဝယ်အရောက် စစ်မှန်သော နည်းပညာများကို လာရောက်၍ ဝေမျှပေးကမ်းမှုကို သင်တန်းသားများ အနေဖြင့် ပြည့်ဝစွာ ရယူကြစေလိုကြောင်းနှင့် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ သင်ကြားပေးသော နည်းပြဆရာများမှလည်း နည်းပညာများကို ပြည့်ပြည့်ဝဝ မျှဝေပေးစေ လိုကြောင်း၊ သင်တန်းမှရရှိသော နည်းပညာများကို လုပ်ငန်းနယ်ပယ်တွင် အကျိုးရှိစွာ အသုံးချနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက ယခုသင်တန်း ဖွင့်လှစ်သော ကျေးရွာသည် အမှန်တကယ် ကုန်ကြမ်းများ ထွက်ရှိသဖြင့် ထွက်ရှိသော ကုန်ကြမ်းများကို နည်းပညာများ ဖြင့်ပေါင်းစပ်၍ ဘေးအန္တရာယ်ကင်းပြီး အရည်အသွေးကောင်းမွန်သော တန်ဖိုးမြင့်စားသောက်ကုန် အမယ်သစ်များဖြင့် နိုင်ငံတော်မှမျှော်မှန်းထားသော ဒေသတစ်ခု ထုတ်ကုန်တစ်ခုထွက်ရှိလာစေရန်နှင့် အသေးစားအိမ်တွင်းစက်မှု လုပ်ငန်းများမှ ဖွံ့ဖြိုးတိုးတက်သော စက်မှုလုပ်ငန်းကြီးများ ထွက်ပေါ်လာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများကို စဉ်ဆက်မပြတ် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ဖွင့်ပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့်သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၄ ရက်အထိ စာတွေ့လက်တွေ့ အခမဲ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **မောင်မွေး**

# ဥပဒေရေးရာဝန်ကြီးဌာန၏ (၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၃၀

**ဥပဒေရေးရာဝန်ကြီးဌာန၏ (၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အဆိုပါ အခမ်းအနားတွင် ဥပဒေရေးရာ ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေရေးရာဝန်ကြီးဌာနနှင့် ဥပဒေရုံးအဆင့်ဆင့်ရှိ အရာထမ်း၊ အမှုထမ်းများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ၊ ကောင်းကျိုးလိုအပ်ဆန္ဒများပြည့်ဝကြပါစေလို့ ဦးစွာဆုမွန်ကောင်း တောင်းပေးလိုကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာန၏ (၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများနှင့်အတူ ကျင်းပရသဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ယနေ့ကျရောက်သည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို နေပြည်တော်ရှိ ဝန်ကြီးဌာနနှင့်အတူ တိုင်းဒေသကြီး/ ပြည်နယ် ဥပဒေချုပ်ရုံးများတွင်လည်း တစ်ပြိုင်တည်းကျင်းပကြမည်ဖြစ်သဖြင့် လွန်စွာဝမ်းမြောက်မိပါကြောင်း၊ ဝန်ကြီးဌာနရှိ ဌာနအသီးသီးနှင့်အဆင့်ဆင့်သော ဥပဒေရုံးများမှ ဥပဒေအရာရှိများ၊ အရာထမ်း၊ အမှုထမ်းများမှ မိမိတို့လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြသဖြင့် လုပ်ငန်းများ အောင်မြင်စွာပြီးမြောက်



လျက်ရှိပြီး အမြဲဂုဏ်ယူရပါကြောင်း၊ ဥပဒေအရာရှိများ၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ ဝန်ကြီးဌာန၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် တာဝန်သိစိတ်အပြည့်ဖြင့် တစ်စိတ်တစ်ဝမ်းတည်း စုပေါင်း၍ ဆောင်ရွက်သွားကြရန်နှင့် ဝန်ကြီးဌာန၏ဆောင်ပုဒ်နှင့်အညီ ပြောဆိုကျင့်ကြံ နေထိုင်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုနှစ်ထက် ပိုမိုကောင်းမွန်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဥပဒေရေးရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်ရုံးအဆင့်ဆင့်၏သုံးနှစ်တာ လှုပ်ရှားဆောင်ရွက်မှု Video မှတ်တမ်းများကို ကြည့်ရှုကြပြီး ဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ အကအလှတို့ဖြင့် ကပြဖျော်ဖြေကြသည်။ ယင်းနောက် ဥပဒေရေးရာဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေကြသည့် အရာထမ်း၊ အမှုထမ်း ၅၅၀ အတွက် ဦးစီးဌာနများအလိုက် ဗလာမပါကံစမ်းမဲများ၊ အထူးမဲများပြုလုပ်၍လက်ဆောင်ပစ္စည်းများပေးအပ်ပြီး(**အပေါ်ပုံ**) ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်အပါအဝင် ရုံးအကြီးအမှူးများက အရာထမ်း၊ အမှုထမ်းများ အားလုံးနှင့် အတူနေ့လယ်စာ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနအကြီးအကဲများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လျှပ်စစ်မန်နေဂျာများ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ်မန်နေဂျာများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများနှင့် ဘဏ္ဍာရေးတာဝန်ခံများ တက်ရောက်ကြသည်။



**ဖြန့်ဝေသည့်အချိန်တိကျရေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လက်ရှိဖြစ်ပေါ်နေသော လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအခြေအနေအရ ဝန်အားထိန်းညှိရသဖြင့် အချိန်ပိုင်းဓာတ်အားပိတ်၍ ဓာတ်အားဖြန့်ဖြူးပေးနေရသောကြောင့် ဖြန့်ဝေသည့်အချိန်တွင် သက်မှတ်ထားသည့်အချိန်တိုင်း တိကျစွာရရှိရေး စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ တစ်ဖက်တွင်လည်း ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရေးနှင့် ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေးတို့ကိုဟန်ချက်ညီတိုးတက်ကောင်းမွန်စေရန် စီမံဆောင်ရွက်မှုများအပေါ် အားလုံးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

**အကောင်းဆုံးဝန်ဆောင်မှုပေးရန်**

ထို့ပြင် ဓာတ်အားခကောက်ခံရာတွင်လည်း ရရှိသင့်သော နိုင်ငံတော်၏ဘဏ္ဍာငွေကို အလေအလွင့်မရှိစေရေး စနစ်တကျ ကောက်ခံသွားရန်နှင့် ဓာတ်အားခကြွေးကျန်များကိုလည်း ရာနှုန်းပြည့် ကောက်ခံရရှိရေး တွန်းအားပေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း ဝယ်ယူခဲ့သည့်မီတာများကိုလည်း စမ်းသပ်စစ်ဆေးပြီး မြို့နယ်များသို့ အချိန်မီပို့ဆောင်၍ ပြည်သူလူထု အမြန်ဆုံးတပ်ဆင်အသုံးပြုနိုင်ရေး ဆောင်ရွက်သွားရန်နှင့် မိမိတို့ဝန်ကြီးဌာနသည် ပြည်သူကို ဝန်ဆောင်မှုပေးနေသော ဌာနဖြစ်သည့်အတွက် ပြည်သူကို ယဉ်ကျေးပျူငှာစွာ ပြောဆိုဆက်ဆံပြီး စေတနာထား၍အကောင်းဆုံးဝန်ဆောင်မှုပေးရန်နှင့် ဝန်ကြီးဌာန၏ ပုံရိပ်ကောင်းမွန်အောင်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။ (**ဝဲပုံ**)

ထို့နောက် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ် သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး / ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၏ (၂၇) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်း

**မော်လမြိုင် ဩဂုတ် ၃၀**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်၌ ဩဂုတ် ၁၉ ရက်မှ ၂၀ ရက်အထိကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး / ပြည်နယ်တရားရေးဦးစီးမှူးများ၏ (၂၇) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို ဩဂုတ် ၂၉ ရက် နံနက် ၈ နာရီက မွန်ပြည်နယ်တရားလွှတ်တော် အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။(**အောက်ပုံ**)



ထပ်ဆင့်ရှင်းလင်းပွဲတွင် မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးညီညီစိုးက (၂၇) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော် တရားသူကြီးများ၏ တရားစီရင်ရေးဆိုင်ရာ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားပြီး ပြည်နယ်တရားရေးဦးစီးမှူး ဒေါ်ခိုင်ခိုင်မျိုးက ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မှာကြားချက်များ၊ ရုံးလုပ်ငန်းဆိုင်ရာများကို ထပ်ဆင့်ရှင်းလင်းမှာကြားသည်။

ရှင်းလင်းပွဲသို့ ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးမှူးနှင့် ပြည်နယ်တရားလွှတ်တော်၊ ခရိုင်နှင့်မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများ စုစုပေါင်း ၅၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

# မင်္ဂလာဒုံမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အသိပညာပေးရှင်းလင်း

**ရန်ကုန် ဩဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အသိပညာပေးရှင်းလင်းခြင်းကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထူးကျော်က အမှာစကားပြောကြားသည်။ မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူအောင်က သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာများ၊ အသိပညာပေးရှင်းလင်းပြီး မေးမြန်းလာမှုများကို ပြန်လည်ဖြေကြားပေးကာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေသည်။

အဆိုပါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအသိပညာပေး ရှင်းလင်းပွဲသို့ မြို့နယ်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်/ ကျေးရွာ သန်းခေါင်စာရင်း ကော်မတီဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မင်းသိန်းထွန်း**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်တို့ မကွေးတက္ကသိုလ်စာကြည့်တိုက်သို့ သွားရောက်ကြည့်ရှုအားပေး၍ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

## လူငယ်လူရွယ်များအနေဖြင့် မီဒီယာဝမြင့်မားရေးအတွက် မှန်ကန်သည့်ရည်မှန်းချက်များထားရှိ၍ အနာဂတ်ကိုဖန်တီးကြရန်လို

**မကွေး ဩဂုတ် ၃၀**

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မကွေးတက္ကသိုလ်စာကြည့်တိုက်သို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ၏စာအုပ်စာစောင်များ ဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်စာစောင်များ ငှားရမ်းနေမှု အခြေအနေများကို ကြည့်ရှုအားပေးကာ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် မကွေးတက္ကသိုလ် စာကြည့်တိုက်သို့ ရောက်ရှိရာ စာကြည့်တိုက်တာဝန်ခံက အီလက်ထရောနစ်စနစ်ဖြင့် စာပြုလုပ်ငန်း၊ စာငှားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကာ ကျောင်းသား ကျောင်းသူများ စာပေလေ့လာဖတ်ရှုနိုင်ရန်အတွက် လူထုသိပ္ပံကျမ်းများနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့သည် ဘွဲ့နှင်းသဘင်ခန်းမ၌ မကွေးမြို့ပေါ်ရှိ တက္ကသိုလ်/ကောလိပ် အသီးသီးမှ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မကွေးမြို့ပေါ်ရှိ တက္ကသိုလ်/ကောလိပ်အသီးသီးမှ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပွဲတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

**မှန်ကန်စွာရှုမြင်သုံးသပ်**

ဦးစွာ "တားဆီးကာကွယ် မီဒီယာအဆိပ်သင့်မှုအန္တရာယ်" Vedio Clip ၊ "၂၀၂၄ ခုနှစ် ပြင်သစ်အိုလံပစ်ပြိုင်ပွဲ ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားကျင်းပမှု မှတ်တမ်း" နှင့် "၂၀၂၄ ပြင်သစ် မသန်စွမ်းအိုလံပစ် ဖွင့်ပွဲအခမ်းအနား" ဗီဒီယိုတို့ကို ပြသပြီး ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့အချိန်တွင် မသမာသူအဖျက်သမားများက မီဒီယာနည်းလမ်းများကို အသုံးပြု၍ သတင်းတု၊ သတင်းမှားများ ထုတ်လွှင့်ကာ ပြည်သူများအား အတွေးအမြင်လွဲမှားအောင် ဆောင်ရွက်နေကြကြောင်း၊ တစ်နည်းအားဖြင့် မီဒီယာကို အဆိပ်သင့်အောင် ဆောင်ရွက်၍ နိုင်ငံတော်ကို အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယနေ့နိုင်ငံတော်တွင် ဖြစ်ပေါ်နေသော အခြေအနေမှန်များကို မှန်ကန်စွာရှုမြင်သုံးသပ်နိုင်ရန် မှန်ကန်သည့် သတင်းအချက်အလက်များ ရရှိရန် လိုပါကြောင်း၊ လူငယ်လူရွယ်များအနေဖြင့် မီဒီယာဝမြင့်မားရေးအတွက် မှန်ကန်သည့်ရည်မှန်းချက်များထားရှိ၍ အနာဂတ်ကို ဖန်တီးကြရန်လိုကြောင်း၊ အတွေးအခေါ် မှန်ကန်တည့်မတ်စေရန်အတွက် စာအုပ်စာစောင်များ ဖတ်ရှုလေ့လာ ဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ ကမ္ဘာကြီး၏ ဖြစ်ပေါ်ပြောင်းလဲမှုများကိုလည်း နားလည်သိရှိထားရန် လိုအပ်ကြောင်း ပြောကြားကာ မကွေးမြို့ပေါ်ရှိ တက္ကသိုလ်/ကောလိပ်များအတွက် DTH စလောင်း ခြောက်စုံနှင့် DVB–T2 Set Top Box ၁၅ စုံတို့ကို ပေးအပ်လှူဒါန်းပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**စာတမ်းများ မိတ်ဆက်ရှင်းလင်း**

ထို့နောက် မကွေးတက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးက ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့အား တက္ကသိုလ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပြုစုထားသည့်သုတေသနစာတမ်းများနှင့် ပတ်သက်၍ ဓာတုဗေဒဌာနမှ ပါမောက္ခ ဒေါက်တာမူမူမြစိန်က သီးထပ်သီးနှံများ စိုက်ပျိုးခြင်းဖြင့် မြေဆီအာဟာရဓာတ်များ ပြောင်းလဲမှုကိုလေ့လာခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဓာတုဗေဒဌာနမှ ကထိက ဒေါက်တာအိအိသွင်က ကောက်ညှင်းဆန်အဖြူမှ ကစီဓာတ်ကို အသုံးပြု၍ ဇီဝပလတ်စတစ်ဖလင်ကိုထုတ်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရုက္ခဗေဒဌာနမှ ကထိက ဒေါက်တာနွယ်နွယ်က အကျိုးပြုအဏုဇီဝအရည်နှင့် EM ဘိုကာရှီမြေဩဇာ သုံးစွဲမှုနှင့် နေကြာပင်အထွက်နှုန်းအပေါ် အကျိုးသက်ရောက်မှုကို လေ့လာခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း စသည့်စာတမ်းများအား မိတ်ဆက်ရှင်းလင်း တင်ပြသည်။

**မီဒီယာနည်းလမ်းများဖြင့်ကူညီမည်**

တင်ပြချက်များနှင့် ပတ်သက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများဖြစ်ထွန်းမှုနှင့် သီးနှံများအထွက်တိုးရန်ဆောင်ရွက်နေမှုကို ဖြည့်စွက်ရှင်းလင်းပြောကြားကာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်က ဆောင်ရွက်နေသည့် MSME လုပ်ငန်းများ အောင်မြင်စေရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနက မီဒီယာနည်းလမ်းများဖြင့် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် အများပြည်သူ အနားယူအပန်းဖြေရန် ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ပေးထားသည့် ကန်သာမင်္ဂလာကန်တော် တည်ဆောက်ထားမှု အခြေအနေကို လှည့်လည်ကြည့်ရှုကြသည်။

**ကန်သာမင်္ဂလာကန်တော်**

အဆိုပါ ကန်သာမင်္ဂလာကန်တော်သည် ယခင်က တိမ်ကောနေသော ရေကန်ကြီးတစ်ခုဖြစ်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့က အများပြည်သူနှင့်သက်ဆိုင်သော၊ စိမ်းလန်းသာယာသော၊ ကျန်းမာရေးနှင့်ညီညွတ်သော၊ စိတ်လက်ပေါ့ပါးစေသော၊ ခေတ်မီသပ်ရပ်သော အပန်းဖြေနေရာတစ်ခုဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် မကွေးမြို့ ကမ်းနားလမ်းရှိ MSME လုပ်ငန်းများမှ ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းရောင်းချနေမှုနှင့် Night Market စီစဉ်ဖွင့်လှစ်၍ အများပြည်သူအပန်းဖြေနိုင်ရန် ဆောင်ရွက်ပေးထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ မကွေးတိုင်းဒေသကြီး၏ MSME လုပ်ငန်းများမှ ထုတ်လုပ်သည့်ပစ္စည်းများသည် အရည်အသွေးကောင်းမွန်ခြင်းနှင့် ဈေးနှုန်းသက်သာခြင်းများကြောင့် ပြည်သူများ ကြိုက်နှစ်သက်ကာ ဝယ်ယူအားပေးလျက်ရှိနေကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မကွေးတက္ကသိုလ်စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

# ကော့လှိုက်ကျေးရွာတွင် သံလွင်မြစ်ကမ်းပြို အရေးပေါ်မြစ်ကမ်းထိန်းလုပ်ငန်းများဆောင်ရွက်

**ဘားအံ ဩဂုတ် ၃၀**

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေချောင်းရေများ မြင့်တက်လာသည့်အတွက် သံလွင်မြစ်ကမ်းဘေး ကော့လှိုက်ကျေးရွာအုပ်စုအတွင်း မြစ်ကမ်းပြိုကျမှုများဖြစ်ပွားခဲ့ရာ ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၂၇ ရက်အထိ လူနေအိမ် ၁၆ လုံးကို ဖယ်ရှားပြောင်းရွှေ့ပေးခဲ့ရကာ ပြည်နယ်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးရေးဦးစီးဌာနမှ အရေးပေါ်မြစ်ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ကော့လှိုက်ကျေးရွာ သံလွင်မြစ်ကမ်းပြိုကျမှုကို အရေးပေါ်ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် သံလွင်မြစ်ရေစီးနှုန်းအရှိန်လျှော့ချခြင်း၊ ရေစီးအရှိန်ကြောင့် ကမ်းပါးများ ရေတိုက်စားမှုလျှော့ချခြင်း၊ ကမ်းပါးမက်စောက်မှုကို လျှော့ချ၍ သဲနုန်းများ အနည်ထိုင်စေရန် (Steel Cable Groyle) အရှည်ပေ ၁၅၀ ရှစ်ခု၊ သဲအိတ်ဆွဲရေမျှောဝါးဖောင် ပေ ၁၀၀ ငါးခုတို့ကို ကရင်ပြည်နယ်အစိုးရအဖွဲ့အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲဆောင်ရွက်လျက်ရှိပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ဖြည့်စွက်ရန်ပုံငွေနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေတို့တွင် ဘတ်ဂျက်လျာထား၍ မူလကမ်းပါးပြိုကျမှုများ ကာကွယ်နိုင်ရေးနှင့် ကမ်းပါးအသစ်ထပ်မံပြိုကျမှုကိုကာကွယ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကော့လှိုက်ကျေးရွာ သံလွင်မြစ်ကမ်းပြိုကျမှုကြောင့် ဖယ်ရှားပြောင်းရွှေ့ခဲ့ရသော လူနေအိမ် ၁၆ လုံးအတွက် အိမ်ဆောက်ပစ္စည်း၊ ကယ်ဆယ်ရေးပစ္စည်းနှင့် ရိက္ခာဖိုးငွေများကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ငွေ ပေးအပ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား ဖူဆယ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနား ပြည်ထောင်စုဝန်ကြီးဦးမြင့်နောင် တက်ရောက်ချီးမြှင့်



**နေပြည်တော် ဩဂုတ် ၃၀**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ယနေ့မွန်းလွဲပိုင်းက ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်အဖြစ် ဝန်ကြီးရုံးအသင်းနှင့် အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

အခမ်းအနားသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဖူဆယ်ပြိုင်ပွဲ ကျင်းပရခြင်းသည် မြန်မာ့ဖူဆယ်အားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရေး၊ ဝန်ထမ်းများအချင်းချင်း သွေးစည်းညီညွတ်မှုရှိပြီး ပြည်ထောင်စုစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှုရှိစေရေးအတွက် ရည်ရွယ်၍ ကျင်းပပေးခြင်းဖြစ်ပါကြောင်း။

ယခုဖူဆယ်အားကစားပြိုင်ပွဲတွင် ဝန်ကြီးရုံးနှင့် ဦးစီးဌာနလေးခုရှိ ပြိုင်ပွဲဝင်အသင်း ခုနစ်သင်းတို့မှ အားကစားသမားဝန်ထမ်းများက အားကစားစိတ်ဓာတ်ကို အရင်းခံ၍ တရားသောယှဉ်ပြိုင်ခြင်းဖြင့် စိတ်အားတက်ကြွစွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြမှုကို အလွန်ပင်ဝမ်းမြောက်မိပါကြောင်းနှင့် အားကစားပြိုင်ပွဲများကို ပုံမှန်ကျင်းပနိုင်ရေး ဖြစ်မြောက်အောင် တတ်အားသရွေ့ တာဝန်ရှိသူများအနေဖြင့် အဘက်ဘက်က ဝိုင်းဝန်းကူညီပံ့ပိုးပေးကြရန်နှင့် နိုင်ငံ့ဝန်ထမ်းအားကစားများအနေဖြင့် ဝန်ကြီးဌာနအဆင့်ပြိုင်ပွဲများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားဖြစ်ရန် ဆက်လက်ကြိုးစား၍ နိုင်ငံနှင့် လူမျိုးဂုဏ်သိက္ခာကို မြှင့်တင်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲတွင် တတိယဆုရရှိသည့် အသင်းကို လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ ဒုတိယဆုရရှိသည့် အသင်းကို အမြဲတမ်းအတွင်းဝန်ကလည်းကောင်း၊ ပထမဆုရရှိသည့်အသင်းကို ပြည်ထောင်စုဝန်ကြီးက လည်းကောင်း **(အပေါ်ဝဲပုံ)** ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရောဝတီမြစ်ရေဝင်ရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးနှင့် ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲကျင်းပ





**နေပြည်တော် ဩဂုတ် ၃၀**

မြစ်ကြီးနားမြို့ ရောဝတီမြစ်ရေဝင်ရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးနှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၂၉) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ရေဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ရေနှင့်ဆက်နွှယ်သည့် ဌာနနှင့် အဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် တက္ကသိုလ်များမှ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက မြစ်ကြီးနားမြို့တွင် ၂၀၂၄ ခုနှစ် ဇွန်လအကုန်နှင့် ဇူလိုင်လဆန်းတွင် ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုသည် ရပ်ကွက် ၂၈ ရပ်ကွက်အနက် မြို့တွင်း ရပ်ကွက် (၁၀) ခုမှအပ ကျန်ရပ်ကွက် (၁၈)ခုသည် ရေကြီးနစ်မြုပ်မှုကို ဆိုးရွားစွာ ထိခိုက်ခံစားခဲ့ရကြောင်း၊ ရေကြီးနစ်မြုပ်မှုကြောင့် မြို့ဧရိယာ၏ ၄၀ ရာခိုင်နှုန်းကျော် ရေကြီးနစ်မြုပ်မှုဖြစ်ပွားခဲ့ပြီး ရေဘေးသင့်အိမ်ထောင်စု စုစုပေါင်း ၁၆၃၄၁ စု၊ လူဦးရေ ၆၈၇၄၇ ဦးကျော်သည် ရေဘေးအန္တရာယ် ကြုံတွေ့ခဲ့ရကြောင်း။

မြစ်ကြီးနားမြို့၏ ပထဝီဝင်သဘာဝအနေအထားအရ ရေကြီးနစ်မြုပ်မှုအန္တရာယ် ကြုံတွေ့ရလေ့ရှိသော (Flood Prone City) ဖြစ်နေသည့်အတွက် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရေးအတွက် အစီအမံများ (Flood Protection Measures) ဦးစားပေးဆောင်ရွက်မှသာ မြို့နေပြည်သူများ ရေဘေးအန္တရာယ်လုံခြုံမှုကို ရရှိခံစားနိုင်မည်ဖြစ်ပြီး လူမှုစီးပွားထိခိုက်မှုနှင့် အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ မြစ်ကြီးနားမြို့ ရောဝတီမြစ်ရေ ဝင်ရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေး အစီအမံများအပေါ် ရေဘက်ဆိုင်ရာပညာရှင်များနှင့် အခြားဘာသာရပ်ဆိုင်ရာ ပညာရှင်များအနေဖြင့် မိမိတို့အတွေ့အကြုံနှင့် ပညာရပ်များအပေါ် အခြေခံ၍ ကြိုးစားလေ့လာ သုံးသပ်ဆွေးနွေးခြင်းဖြင့် မြစ်ကြီးနားမြို့ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရေး ရေရှည် အစီအမံကောင်းများ၊ နည်းလမ်းကောင်းများ ထွက်ပေါ်ရရှိလာမည်ကို မျှော်လင့်ပါကြောင်း ပြောကြားသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများက မြစ်ကြီးနားမြို့ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ခြင်းနှင့် ဌာနအလိုက် ဆောင်ရွက်ခဲ့သော လုပ်ငန်းများ၊ မြစ်ကြီးနားမြို့ ရေကြီးရေလျှံမှုကြောင့် ထိခိုက်မှု၊ ရေခဲတောင်အရည်ပျော်ကျမှုအခြေအနေနှင့် မြစ်ကြီးနားမြို့၏ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်က မြစ်ကြီးနားမြို့ ရေကြီးရေလျှံမှု ကာကွယ်ရေး လုပ်ငန်းအစီအမံများနှင့် ဦးစားပေးဆောင်ရွက်သင့်သည်များကို ရှင်းလင်းတင်ပြရာ အစီအမံများအပေါ် ပညာရှင်များနှင့် တက်ရောက်လာကြသူများက အဖွဲ့များစုဖွဲ့၍ စားပွဲဝိုင်းဆွေးနွေးခြင်း၊ စံနှုန်းအမျိုးမျိုးဖြင့် ဆန်းစစ်လေ့လာခြင်းများဆောင်ရွက်ကြပြီး အဖွဲ့အလိုက် ဆွေးနွေးအကြံပြုကြသည်။

ယင်းနောက် ပညာရှင်များနှင့် တက်ရောက်လာကြသူများ၏ အကြံပြုချက်များ၊ ဆွေးနွေးချက်များနှင့် ဆန်းစစ်ချက်များအပေါ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်တို့က ဖြည့်စွက်အကြံပြု သုံးသပ်ဆွေးနွေးကြပြီး ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက နိဂုံးချုပ်စကားပြောကြားကာ ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မကွေးတက္ကသိုလ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**မကွေး ဩဂုတ် ၃၀**

မကွေးမြို့ မကွေးတက္ကသိုလ် စာသင်ခန်းမဆောင်သစ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၉ ရက်က ကျင်းပသည်။

ရှေးဦးစွာ မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးက အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး အမှတ် (၁၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးမင်းလွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာကိစ္စရပ်များကို အသိပညာပေး ဟောပြောသည်။ ဟောပြောပွဲကို ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၃၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

အနိုင်ယူထားတဲ့ ဘရိုက်တန်ရဲ့ ခြေစွမ်းထက်မြက်မှုရှိတယ်။ အာဆင်နယ်အသင်းအနေနဲ့ ဖလားဆွတ်ခူးရေးလမ်းကြောင်းက မသွေဖည်ရေးအတွက် ဒီပွဲစဉ်ကိုနိုင်ပွဲရဖို့ အားစိုက်ကစားလာမှာဆိုပေမယ့် တိုက်စစ်အဆုံးသတ်ပိုင်း အားနည်းခဲ့ရင် နိုင်ပွဲရဖို့ မလွယ်ဘူး။

### ကာဆယ်နှင့် စပါး

ကာဆယ်ရဲ့ ခြေစွမ်းက ဒီရာသီမှာ အတော်လေးယိမ်းယိုင်တယ်။ ဆောက်သမ်တန်အသင်းကို အနိုင်ရရှိခဲ့တဲ့ အဖွင့်ပွဲစဉ်မှာပွဲဆိုရင် တစ်ပွဲလုံးမှ ဂိုးကန်သွင်းခွင့် သုံးကြိမ်သာ ရရှိခဲ့တဲ့အထိ စွမ်းဆောင်ရည်ပိုင်း ကျဆင်းခဲ့တယ်။ ပြိုင်ဘက်စပါးအသင်းက အသင်းကစားပုံကျစ်လျစ်မှုနဲ့အတူ တိုက်စစ်ပိုင်းကလည်း တစ်ပွဲထက်တစ်ပွဲ ထက်မြက်လာတယ်။ မည်သို့ပင်ဆိုစေ စပါးအသင်းရဲ့ ထိုးဖောက်တိုက်စစ်ဆင်မှုကို ကာဆယ်အသင်း ပွဲချိန်ပြည့် ဟန့်တားဖို့ ခက်မယ်။

### ဝက်စ်ဟမ်းနှင့် မန်စီးတီး

ခြေစွမ်းသာမန်ရှိတဲ့ ဝက်စ်ဟမ်းအသင်းက တစ်ဦးချင်းစွမ်းဆောင်ရည်ပိုင်းရော အသင်းလိုက်စွမ်းဆောင်ရည်ပါ သာလွန်မှုရှိတဲ့ မန်စီးတီးအသင်းကို ခက်ခက်ခဲခဲ ကစားရဖွယ်ရှိတယ်။ နှစ်သင်းထိပ်တိုက် တွေ့ဆုံမှုနောက်ဆုံး နှစ်ကြိမ်မှာ မန်စီးတီးအသင်းကသာ ဂိုးပြတ်နိုင်ပွဲရရှိထားတယ်။ မန်စီးတီးအသင်းနဲ့တွေ့ဆုံတိုင်း ရလဒ်ဆိုးရွားမှုကို ချေဖျက်ဖို့ ကြိုးစားလာမယ့် ဝက်စ်ဟမ်းအသင်း ဒီတစ်ကြိမ်မှာလည်း မန်စီးတီးကို နိုင်ပွဲရယူဖို့ မလွယ်ကူဘဲ အမြင့်ဆုံး သရေကျရဖွယ်ရှိတယ်။

### မန်ယူနှင့် လီဗာပူး

အသင်းကြီးအချင်းချင်း တွေ့ဆုံမှုဖြစ်တဲ့အတွက် အကြိတ်အနယ် ရှိလာမှာပါ။ မန်ယူက သာမန်ပွဲစဉ်တွေမှာ ခက်ခက်ခဲခဲ ကစားရလေ့ရှိပေမယ့် အသင်းကြီးတွေနဲ့ တွေ့ဆုံတိုင်းမှာ အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်ကစားနိုင်ပြီး နိုင်ပွဲရတဲ့အထိ စွမ်းဆောင်နိုင်လေ့ရှိတယ်။ ဒါပေမယ့် လီဗာပူးအသင်းက ခံစစ်ပိုင်းတည်ငြိမ်ပြီး တိုက်စစ်ပိုင်းထက်မြက်တယ်။ ဒါကြောင့် လီဗာပူးအသင်းရဲ့ ဖိအားပေးကစားမှုအောက် ပုံစံကောင်းပျောက်ဆုံးပြီး မန်ယူအသင်း နှစ်ပွဲဆက်ရှုံးနိမ့်မှုနဲ့ ကြုံတွေ့သွားနိုင်တယ်။

**မိုးဇက်**

# ကြက်ဥအယောင် တိမ်တောင်သဖွယ် မင်းရေးကျယ် (ဘင်္ဂလားဒေ့ရှ်နိုင်ငံရေး၊ စူပါဆိုင်ကလုန်း)

ကိုကိုလှိုင်

❍ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အောက်ခြေသိမ်း ပြုပြင်ပြောင်းလဲမှု (ခေတ်ပြောင်းတော်လှန်ရေး) ပြုလုပ်ပြီးစီးကာ သတင်းအချက်အလက်စီးဆင်းမှုမှာလည်း အဖြတ်အတောက် အဆီးအတားမရှိ ချောမွေ့လာသည့်အခါမှသာ ရွေးကောက်ပွဲကျင်းပနိုင်မည်ဟု ပြောကြားသွားခဲ့သည်။ ယူနွတ်စ်သည် အမေရိကန်သမ္မတဟောင်းကလင်တန်နှင့် ဇနီး နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီကလင်တန်၊ သမ္မတဟောင်း အိုဘားမားတို့နှင့် အထူးရင်းနှီးပြီး ဂျော့ဆိုရော့စ်၏ လူရင်းလည်းဖြစ်ရာ ဘင်္ဂလားဒေ့ရှ်ကို အနောက်လစ်ဘရယ်အုပ်စုများအကြိုက် ပြုပြင်ပြောင်းလဲသွားရန် ကြိုးပမ်းလိမ့်မည်ဟု ယူဆရသည်

*(ယမန်နေ့မှအဆက်)*

ထိုသို့ ယမ်းအိုးက အဆင်သင့်ဖြစ်လာချိန်၌ မီးပွားတစ်စကလည်း တိုက်တိုက်ဆိုင်ဆိုင် ပေါ်ထွက်လာသည်။ ယင်းမှာ အလုပ်အကိုင်ခွဲတမ်းကိစ္စဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၁၉၇၁ ခုနှစ် လွတ်မြောက်ရေးစစ်ပွဲ၌ ကိုယ်ကျိုးစွန့်ပါဝင်ခဲ့ကြသူများ၏ မိသားစုများအတွက် အစိုးရဝန်ထမ်းအလုပ်အကိုင်၏ ၃၀ ရာခိုင်နှုန်းအား ခွဲတမ်းသတ်မှတ်ပေးခဲ့သည်။ နောင်အခါ ဤကိစ္စနှင့်ပတ်သက်၍ ဆန့်ကျင်ဆူပူမှုများ ရှိခဲ့သောကြောင့် ၂၀၁၈ ခုနှစ်တွင် ဤစနစ်ကို ဖျက်သိမ်းခဲ့သည်။ သို့သော် သက်ဆိုင်ရာ မိသားစုများက တရားရုံးအဆင့်ဆင့်တွင် အယူခံဝင်ခဲ့ကြရာ ၂၀၂၄ ခုနှစ် ဇွန်လတွင် ဗဟိုတရားရုံးက ခွဲတမ်းစနစ် ပြန်လည်ကျင့်သုံးရန် အမိန့်ချခဲ့သည်။ ယင်းမှာ အဝါမီလိဂ်ကို ဆန့်ကျင်ထိုးနှက်လိုသူများအတွက် လက်နက်ကောင်း ဖြစ်သွားခဲ့သည်။

အကြောင်းမှာ လွတ်လပ်ရေး တိုက်ပွဲဝင်သူအများစုမှာ အဝါမီလိဂ်မှဖြစ်ပြီး ဆွေစဉ်မျိုးဆက် အဝါမီလိဂ်ပါတီဝင်နှင့် ထောက်ခံသူများ ဖြစ်နေကြသောကြောင့်ပင် ဖြစ်လေသည်။ လူဦးရေများပြီး အလုပ်အကိုင်ရှားပါးသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နှစ်စဉ် အစိုးရအရာထမ်း ရာထူးဝင်ပေါက် ၃၀၀၀ ခန့်သာ ရှိရာတွင် တစ်နိုင်ငံလုံးမှ လျှောက်ထားသူ ငါးသိန်းခန့်ရှိသည့်အတွက် ယင်းဝင်ပေါက်နေရာ အနည်းငယ်မှ ၃၀ ရာခိုင်နှုန်းထပ်၍ လျော့သွားမည့်အပေါ် မကျေနပ်မှုက အဝါမီလိဂ်ကို ဆန့်ကျင် မုန်းတီးမှုအဖြစ်ပြောင်းလဲသွားခဲ့သည်။ ထိုမကျေနပ်မှု ဆန့်ကျင်မုန်းတီးမှုမှာ အလုပ်ရှာနေသည့် ပညာတတ် လူငယ်များအကြား၌ အများဆုံး ပေါ်ပေါက်ခဲ့ရာ လူထုအုံကြွမှုကို အစပျိုးသည့် နေရာမှာ လူငယ်ထုဖြစ်လာသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ လူဦးရေ သန်း ၁၇၀ တွင် လူငယ် ၃၂ သန်း ခန့်မှာ အလုပ်လက်မဲ့ဖြစ်နေကြသည်ဟု ဆိုပါသည်။

ယင်းပညာတတ် လူငယ်ထုအတွင်း အစိုးရဆန့်ကျင်ရေး ဦးဆောင်လှုပ်ရှားမည့်သူများမှာလည်း အဆင်သင့်ရှိပြီးဖြစ်၏။ ယင်းမှာ (ရှေးယခင်က မြန်မာ့နိုင်ငံရေးမှ အလံဖြူကွန်မြူနစ်ပါတီက ထိန်းချုပ်သော တပ်ဦးကျောင်းသား၊ အလံနီ ကွန်မြူနစ်က ထိန်းချုပ်ထားသော တပ်ဦးသစ် ကျောင်းသားအုပ်စုများကဲ့သို့) အတိုက်အခံ နိုင်ငံရေးပါတီများက ထိန်းချုပ်ကြိုးကိုင်ထားသော ကျောင်းသားအဖွဲ့များဖြစ်သည်။

အထူးသဖြင့် ပါကစ္စတန်ကျောထောက်နောက်ခံရှိသည့် ဘာသာရေးအယူအစွဲ ပြင်းထန်သော ပါတီ၏ ကျောင်းသားအဖွဲ့အစည်းဖြစ်သော (Islamic Chatra Shibir: ICS) အဖွဲ့က လူထုအုံကြွမှုတွင် တက်ကြွစွာပါဝင်ခဲ့ပြီး အဓိကရုဏ်းများတွင် ဆန္ဒပြသူများဘက်မှ အင်အားသုံး အကြမ်းဖက်ရာတွင် ဦးဆောင်ပါဝင်ခဲ့သဖြင့် အစိုးရက ပိတ်ပင်ခံခဲ့ရသော အဖွဲ့အစည်းဖြစ်သည်။ ICS အဖွဲ့အနေဖြင့် အရေးအခင်းမတိုင်မီ နှစ်နှစ်ခန့်ကပင် ဘင်္ဂလားဒေ့ရှ်တစ်ဝန်းရှိ တက္ကသိုလ်များ၏ ကျောင်းသားသမဂ္ဂများတွင် စိမ့်ဝင်လှုပ်ရှားနေခဲ့သည်ဟု အိန္ဒိယထောက်လှမ်းရေးသတင်းရင်းမြစ်များကို ကိုးကား၍ အိန္ဒိယသတင်းစာများက ဖော်ပြခဲ့သည်ကို တွေ့ရသည်။

**အရောင်တော်လှန်ရေး ဖော်မြူလာ**

အလုပ်သမားခွဲတမ်းစနစ် ပြန်လည်ကျင့်သုံးခွင့် အမိန့်ကြောင့် ၂၀၂၄ ခုနှစ် ဇွန်လတွင် တက္ကသိုလ်ကျောင်းသားများက ဦးဆောင်၍ ဒါကာမြို့တော်တွင် ငြိမ်းချမ်းစွာ ဆန္ဒပြပွဲများဖြင့် စတင်ခဲ့သည်။ အခြေအနေတည်ငြိမ်လာစေရေးအတွက် ဇူလိုင်လ ၂၁ ရက်နေ့တွင် ဗဟိုတရားရုံးချုပ်က အလုပ်ခွဲတမ်းစနစ်အား အနိမ့်ဆုံး ၅ ရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်ပေးခဲ့သော်လည်း အရှိန်မြင့်လာသော လူအုပ်စုအုံကြွမှုအဟုန်ကို မထိန်းသိမ်းနိုင်တော့ပေ။ ရက်အလိုက်ဖြစ်ရပ်များကို ကြည့်ပါက လူထုအုံကြွမှု အရောင်တော်လှန်ရေးနည်းစဉ်များအတိုင်း ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရသည်။

ဇူလိုင်လ ၇ ရက်နေ့တွင် “ဘင်္ဂလားပိတ်ဆို့မှု” (Balgla Blockade) အမည်ဖြင့် ဘင်္ဂလားဒေ့ရှ်မြို့ကြီးများတွင် ပြည်သူလူထု အပြင်မထွက်ရေး လုပ်ဆောင်ခဲ့သည့်အတွက် ရုံးများ၊ စက်ရုံများ၊ အလုပ်ရုံများ လုပ်ငန်းရပ်ဆိုင်းသွားသည်။ မီးရထားလမ်း၊ ကားလမ်း သယ်ယူပို့ဆောင်ရေးများ ရပ်တန့်ကုန်သည်။

ဇူလိုင်လ ၁၁ ရက်နေ့တွင် ရဲတပ်ဖွဲ့က ဆန္ဒပြသူများကို ဖြိုခွဲရာမှ အဓိကရုဏ်းများ စတင်ဖြစ်ပွားသည်။

ဇူလိုင်လ ၁၅ ရက်နေ့တွင် အာဏာရနှင့် အတိုက်အခံ ကျောင်းသားအဖွဲ့များအကြား တိုက်ခိုက်မှုများ စတင်ဖြစ်ပွားသည်။

ဇူလိုင်လ ၁၆ ရက်နေ့တွင် အနောက်နိုင်ငံများမှ ချိတ်ဆက်နီးနွယ်သည့် ပုဂ္ဂလိကတက္ကသိုလ်ကောလိပ်များမှ ကျောင်းသားများပါ ဆန္ဒပြအုံကြွမှု၌ ပါဝင်လာသည်။ ထူးခြားချက်မှာ နာမည်ကြီး BRAC တက္ကသိုလ်မှ ကျောင်းသားများက ဦးဆောင်၍ လူအသွားအလာများသော စီးပွားရေးရပ်ကွက်လမ်းဆုံကို ပိတ်ဆို့ခြင်း၊ ရဲစခန်းများကို မီးရှို့ခြင်း၊ ဆိုင်ကယ်များကို မီးရှို့ခြင်း စသည့်လုပ်ရပ်များကို လုပ်ဆောင်လာခြင်းဖြစ်သည်။ ယင်း BRAC တက္ကသိုလ်တည်ထောင်သူမှာ နာမည်ကျော် ဂျူးဘီလီယံနာသူဌေးကြီး ဆိုရော့စ်၏ မိတ်ဆွေရင်းဖြစ်ပြီး BRAC တက္ကသိုလ်သည် ဆိုရော့စ်က ဒေါ်လာ တစ်ဘီလီယံ ထောက်ပံ့ထားသော Open Society University Network တက္ကသိုလ်ကွန်ရက်မှ အဖွဲ့ဝင်တက္ကသိုလ်တစ်ခုဖြစ်သည်။ ယင်းတက္ကသိုလ်ကျောင်းသားများသည် ဒါကာမြို့တွင်းရှိ အရေးပါသော လမ်းများနှင့် ဒါကာမြို့မှ ထွက်သော မီးရထားလမ်းများကို ပိတ်ဆို့ခဲ့ကြသည်။ ယင်းမှာ ဟောင်ကောင်နှင့် ထိုင်းနိုင်ငံမှ Milk Tea Alliance ကျောင်းသားလှုပ်ရှားမှုပုံစံများနှင့် ထပ်တူဖြစ်သည်။

ဇူလိုင်လ ၁၈ ရက်နေ့တွင် ရဲတပ်ဖွဲ့နှင့် BRAC တက္ကသိုလ်ကျောင်းသားအုပ်စုတို့ အဓိကရုဏ်းဖြစ်ပွားသည်။ ဒါကာမြေအောက်ရထားဘူတာရုံ မီးရှို့ခံရသည်။ ဘင်္ဂလားဒေ့ရှ် ရုပ်မြင်သံကြားဌာန မီးရှို့ခံရသည်။ နိုင်ငံပိုင် ဒေတာစင်တာ ဖျက်ဆီးခံရသည်။ ကျောင်းသားအချို့ ရဲတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးသည်။ ဘင်္ဂလားဒေ့ရှ်အစိုးရ၏ အရေးပါသော အင်တာနက်ဝက်ဘ်ဆိုက်များ တိုက်ခိုက်ခံရသည်။ အစိုးရက အင်တာနက်လိုင်းအားလုံးကို ပိတ်လိုက်သည်။ ဇူလိုင်လ ၁၉ ရက်နေ့တွင် အတိုက်အခံဘက်မှ လက်နက်ကိုင်များက နာဆင်ဒီခရိုင်ရှိ အကျဉ်းထောင်ကို ဝင်ရောက်စီးနင်းပြီး ထောင်သားများကို လွှတ်ပေးကာ လက်နက်ခဲယမ်းများကို လုယူသွားသည်။

ဇူလိုင်လ ၁၉ ရက်နေ့မှ ၂၂ ရက်နေ့အထိ အစိုးရနှင့် ဆန္ဒပြကျောင်းသားအုပ်စုတို့အကြား စေ့စပ်ညှိနှိုင်းဆွေးနွေးခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ဆန္ဒပြသူများဘက်မှ တောင်းဆိုချက် ၉ ချက် တင်ပြရာတွင် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာက ဆန္ဒပြသူများကို တောင်းပန်ရေးနှင့် ပြည်ထဲရေးဝန်ကြီးနှင့် လမ်းပန်းသယ်ယူပို့ဆောင်ရေးဝန်ကြီးတို့ ရာထူးမှ နုတ်ထွက်ပေးရေးတို့ ပါဝင်ပါသည်။ အစိုးရဘက်မှ အလုပ်ခွဲတမ်းကို စုစုပေါင်း ၅၆ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်း လျှော့ချပေးခဲ့မှုနောက်ပိုင်းတွင် ဆန္ဒပြမှုများ ခေတ္တရပ်ဆိုင်း သွားခဲ့သော်လည်း ကျောင်းသား ခေါင်းဆောင်အချို့ကို လုံခြုံရေးတပ်ဖွဲ့များက ထိန်းသိမ်းခေါ်ဆောင်သွားမှုကြောင့် ဇူလိုင်လ ၁၉ ရက်နေ့တွင် အင်အားအလုံးအရင်းဖြင့် ဆန္ဒပြမှုများ ပြန်လည်ပေါ်ပေါက်လာပြီး ဆန္ဒပြသူအများအပြားလည်း ဖမ်းဆီးထိန်းသိမ်းခံကြရသည်။

ဇူလိုင်လ ၃၁ ရက်နေ့တွင် “တရားမျှတမှုအတွက် ချီတက်ကြ” (March for Justice) လှုပ်ရှားမှုကို ပြုလုပ်ပြီး ထိန်းသိမ်းခံထားရသူများနှင့် သေဆုံးသူများအတွက် ရည်ညွှန်း၍ ဒါကာတစ်မြို့လုံး ချီတက်ဆန္ဒပြမှု ပြုလုပ်သည်။

ဩဂုတ်လ ၁ ရက်နေ့တွင် ထိန်းသိမ်းခံကျောင်းသားခေါင်းဆောင်များကို ပြန်လွှတ်ခဲ့သော်လည်း ဆန္ဒပြပွဲမှာ မရပ်တန့်သွားဘဲ ပို၍ကျယ်ပြန့်လာသည်။

ဩဂုတ်လ ၂ ရက်နေ့တွင် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာက စေ့စပ်ညှိနှိုင်းရန် ဖိတ်ခေါ်ခဲ့သော်

*စာမျက်နှာ ၁၁ သို့*



ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဆယ်စုနှစ် နှစ်ခုပင် မပြည့်မီကာလအတွင်း ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံဘဝမှ ဖွံ့ဖြိုးမှုအမြန်ဆုံး ထွန်းသစ်လာမည့် နိုင်ငံတစ်ခုအဖြစ် ဆွဲတင်ပေးခဲ့သော အမျိုးသမီးကြီးမှာ ရက်သုံးဆယ်ခန့် လူအုပ်စုအုံကြွမှုကြောင့် ရာထူးမှ နုတ်ထွက်၍ မျက်ရည်စက်လက်ဖြင့် နိုင်ငံမှ ထွက်ခွာသွားရသည်မှာ နိုင်ငံရေးသံဝေဂပွားဖွယ် ဖြစ်တော့သည်။

*စာမျက်နှာ ၁၀ မှ*

လည်း ဆန္ဒပြသူများဘက်မှ ပယ်ချကာ တစ်ခုတည်းသော တောင်းဆိုချက်ကို ထုတ်ပြန်ခဲ့သည်။ ယင်းမှာ ဝန်ကြီးချုပ်နှင့် အစိုးရတစ်ဖွဲ့လုံး နုတ်ထွက်ပေးရေးဖြစ်သည်။

ဩဂုတ်လ ၃ ရက်နေ့တွင် အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုမပြုလုပ်ရေး (Non-cooperation Movement) ကို စတင်ခဲ့သည်။ ယင်းမှာ ဂျင်းရှပ်၏ နိုင်ငံရေးအန်တုမှုနည်းလမ်းဖြစ်ပြီး အစိုးရကို အခွန်အခမပေးရေးနှင့် ထိတွေ့ဆက်သွယ်မှုမပြုရေးဖြစ်သည်။ စစ်တကောင်းဒေသတွင် အစိုးရဆန့်ကျင်ရေး အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်လာသည်။

အစိုးရက ဩဂုတ်လ ၄ ရက်နေ့တွင် အပြင်မထွက်ရအမိန့် ထုတ်ပြန်ကာ ဘင်္ဂလားဒေ့ရှ် တပ်မတော်လုံခြုံရေးတပ်ဖွဲ့များ မြို့တွင်းသို့ စေလွှတ်ချထားခဲ့သော်လည်း လူအုပ်ကြီးက မပြိုကွဲသွားဘဲ မင်းမဲ့စရိုက်ဆန်ဆန် ထိန်းမနိုင်သိမ်းမရဖြစ်လာသည်။ ဘင်္ဂလားဒေ့ရှ် ကြည်းတပ်ဦးစီးချုပ်က ဆန္ဒပြလူအုပ်ကြီးနှင့် ထိပ်တိုက်ရင်ဆိုင် အင်အားသုံးစွဲခြင်းမပြုရန် ညွှန်ကြားခဲ့သည့်အတွက် ဒါကာမြို့တော်တွင် တရားဥပဒေစိုးမိုးမှု လုံးဝပျက်ပြားသွားသည့် သဘောရှိခဲ့သည်။ ဘာသာရေးအယူအစွဲ ပြင်းထန်သူများက လူနည်းစု ဟိန္ဒူလူမျိုးများ၏ နေအိမ်နှင့် ပိုင်ဆိုင်မှုများကို တိုက်ခိုက်ဖျက်ဆီးခဲ့ကြသည်။ ရဲစခန်းအများစုမှာလည်း ဖျက်ဆီးခံခဲ့ရပြီး လက်နက်ခဲယမ်းများလည်း လုယူခံရကာ ရဲတပ်ဖွဲ့ဝင်များလည်း လူအုပ်ကြီး၏ တိုက်ခိုက်မှုမှလွတ်ကင်းရန် ထွက်ပြေးရှောင်ပုန်းနေခဲ့ကြရသည်။

ဩဂုတ်လ ၅ ရက်နေ့ နေ့လယ်ပိုင်းတွင်မူ လူအုပ်ကြီးက ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ၏ အိမ်တော်ဘက်သို့ ဦးတည်လာခဲ့သည်။ ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဝါကာဥဇမန်က ဝန်ကြီးချုပ်ကို ရာထူးမှနုတ်ထွက်၍ နိုင်ငံမှ ထွက်ခွာသွားရန် တောင်းဆိုခဲ့ပြီး ထိုသို့ထွက်ခွာရန်အတွက် ပြင်ဆင်ချိန် ၄၅ မိနစ်သာပေးခဲ့သည်ဟု ဆိုသည်။

**ကျွဲလေးကောင်ခတ်သည့်အကြားမှ မြေစာပင်ဖြစ်နေရသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အပေါ်ယံမြင်တွေ့ရန်ခက်ခဲသော ကန့်လန့်ကာ နောက်ကွယ်တွင်မူ ဇာတ်ရှုပ်များ ပေါ်ပေါက်နိုင်ဖွယ်ရှိသည်။ ပထဝီနိုင်ငံရေးအရ ဘင်္ဂလားဒေ့ရှ်ကုန်းမြေ နယ်နိမိတ်၏ အများစုကို ဝိုင်းရံထားသော အိန္ဒိယနိုင်ငံကို ကလန်ကဆန်ပြုမိသည်နှင့် အိန္ဒိယနိုင်ငံမှ စီးဆင်းလာသောမြစ်ရေကို မှီခိုနေရသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် အကြောင်းဆိုးသွားနိုင်သည်များလည်းရှိ**

နောက်ဆုံးတွင် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာမှာ ဘင်္ဂလားဒေ့ရှ် တပ်မတော်မှ စီစဉ်ပေးသည့် ရဟတ်ယာဉ်ဖြင့် ကသုတ်ကရက် **"ထွက်တော်မူ နန်းကခွာ"** ခဲ့ရတော့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဆယ်စုနှစ်နှစ်ခုပင် မပြည့်မီကာလအတွင်း ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံဘဝမှ ဖွံ့ဖြိုးမှုအမြန်ဆုံး ထွန်းသစ်လာမည့်နိုင်ငံတစ်ခုအဖြစ် ဆွဲတင်ပေးခဲ့သော အမျိုးသမီးကြီးမှာ ရက်သုံးဆယ်ခန့် လူအုပ်စုအုံကြွမှုကြောင့် ရာထူးမှ နုတ်ထွက်၍ မျက်ရည်စက်လက်ဖြင့် နိုင်ငံမှ ထွက်ခွာသွားရသည်မှာ နိုင်ငံရေးသံဝေဂပွားဖွယ်ဖြစ်တော့သည်။

**ရှေ့အလားအလာ**

လက်ရှိအခြေအနေအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၁၅ နှစ်ကျော် အုပ်ချုပ်ခဲ့သည့် အဝါမီလိဂ်ပါတီမှာ ရုတ်ခြည်းဆိုသလိုပင် တောပုန်းပါတီ ဖြစ်သွားရလေပြီ။ ပါတီခေါင်းဆောင် ဝန်ကြီးချုပ်ဟောင်း ရှိတ်ဟာဆီနာမှာ နိုင်ငံရေးခိုလှုံရန် မူလရည်မှန်းထားသည့် ဗြိတိန်နိုင်ငံနှင့် အနောက်အုပ်စုနိုင်ငံများအားလုံးလိုလိုက လက်မခံသဖြင့် အိန္ဒိယနိုင်ငံတွင် သောင်တင်လျက်ရှိနေဆဲဖြစ်သည်။

**❂ အခြေအနေမှာ အရေးအခင်းကာလတွင် မင်းမဲ့စရိုက်များကြောင့် ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံဖိုးခန့် အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရပြီး အရေးအခင်းအလွန် ကာလတွင် အိန္ဒိယဘက်မှ မြစ်ရေလျှံကျစီးဆင်းလာမှုကြောင့် လူပေါင်း ၅ သန်းကျော် ရေဘေးကြုံတွေ့နေရကာ အစားအစာ၊ ဆေးဝါးနှင့်အဝတ်အထည် စသည့်အထောက်အပံ့များ အရေးပေါ်လိုအပ်နေသည်ဟု ဆိုသည်။ စီးပွားရေးဘက်၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အဓိကဝင်ငွေရ လမ်းတစ်ခုဖြစ်သည့် အထည်ချုပ်လုပ်ငန်းမှာ နိုင်ငံရေးမတည်ငြိမ်မှုကြောင့် အထိနာခဲ့ပြီး အော်ဒါမှာယူမှုများလည်း ကျဆင်းနေသည်ဟုဆိုသည်**

အဝါမီလိဂ်ပါတီမှ ခေါင်းဆောင်များကိုလည်း စွဲချက်အမျိုးမျိုးဖြင့် ဖမ်းဆီးထိန်းသိမ်းလျက်ရှိသည်။ ရှိတ်ဟာဆီနာနှင့် နီးစပ်သည်ဟု ယူဆရသော ဘင်္ဂလားဒေ့ရှ် တပ်မတော်အရာရှိကြီးများမှာလည်း ရာထူးမှဖယ်ရှားခံကြရသည်။ အလားတူပင် ရှေ့နေချုပ်၊ တရားသူကြီးချုပ်၊ ဗဟိုဘဏ်ဥက္ကဋ္ဌ စသော ထိပ်တန်းပုဂ္ဂိုလ်များမှာလည်း လူအုပ်စုဖြင့် ခြိမ်းခြောက်ဖိအားပေးမှုကြောင့် နုတ်ထွက်သွားခဲ့ကြရသည်။ အစိုးရဌာနအသီးသီးတွင်လည်း မိမိဆန္ဒအလျောက် နုတ်ထွက်သွားသူ၊ ထုတ်ပယ်ခံရသူ၊ ဖိအားပေး၍ နုတ်ထွက်ခိုင်းခံရသူ စသည်တို့ကြောင့် အုပ်ချုပ်မှုယန္တရားတစ်ခုလုံး ပရမ်းပတာဖြစ်နေသည်ဟု ဆိုသည်။

ရှေးယခင်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ အခြေအနေကို ထိန်းသိမ်းပေးနိုင်သည့် ဩဇာကြီးမားသော တပ်မတော်မှာလည်း ယခုအရေးအခင်းတွင် ကျောင်းသားခေါင်းဆောင်များအား မလွန်ဆန်နိုင်တော့သည်ကို တွေ့ရသည်။

ရှိတ်ဟာဆီနာ ထွက်ခွာသွားပြီးနောက် ကျောင်းသားခေါင်းဆောင်များက ရှိတ်ဟာဆီနာနှင့် လုံးဝအဆင်မပြေခဲ့သည့် စီးပွားရေးပညာရှင်နှင့် ဂရာမင်းဘဏ်လုပ်ငန်းရှင် နိုဘယ်ငြိမ်းချမ်းရေးဆုရ ဒေါက်တာမိုဟာမက်ယူနွတ်စ်ကို ကြားဖြတ်အစိုးရအဖွဲ့ခေါင်းဆောင် အကြံပေးအရာရှိချုပ် ခန့်အပ်ပေးရန် တောင်းဆိုခဲ့ရာ တောင်းဆိုသည့်အတိုင်း ခန့်အပ်ပေးခံရသည်။ ကျောင်းသားခေါင်းဆောင်များက တပ်မတော်မှ တင်မြှောက်သည့် အစိုးရကို လုံးဝလက်ခံမည်မဟုတ်ဟု ရာဇသံပေးခဲ့သည့်အတိုင်း လိုက်နာခဲ့ရပြီး ကာကွယ်ရေးဝန်ကြီးအပါအဝင် ဝန်ကြီးအဖွဲ့ဝင်အားလုံးကို ကျောင်းသားများ၏ အတည်ပြုချက်ဖြင့်သာ ခန့်အပ်ခဲ့ရသည်။ ကျောင်းသားခေါင်းဆောင် နှစ်ဦးကိုလည်း အစိုးရအဖွဲ့တွင် ထည့်သွင်းခဲ့ရကာ တစ်ဦးလျှင် ဝန်ကြီးဌာနနှစ်ခုစီ ကိုင်တွယ်တာဝန်ယူထားသည်ကို တွေ့ရသည်။

လက်ရှိအနေအထားအရ အနောက်အုပ်စုနှင့် အထူးနီးစပ်သည့် အသက် ၈၄ နှစ်အရွယ် မိုဟာမက်ယူနွတ်စ် ဦးဆောင်ပြီး ဆန္ဒပြကျောင်းသားများက ကြိုးကိုင်ထားသော ကြားဖြတ်အစိုးရက ဘင်္ဂလားဒေ့ရှ်နိုင်ငံကို အချိန်ကာလအတိုင်းအတာတစ်ရပ်အထိ အုပ်ချုပ်နေဦးမည့်သဘော ရှိနေသည်။ ဘင်္ဂလားဒေ့ရှ်ပြည်သူများကို ဩဂုတ်လ ၁၈ ရက်နေ့က ရုပ်သံလွှင့်ပြောကြားခဲ့သည့် ယူနွတ်စ်၏ မိန့်ခွန်းတွင် ရွေးကောက်ပွဲကျင်းပမည့်ကာလကို နိုင်ငံရေးအရ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အောက်ခြေသိမ်းပြုပြင်ပြောင်းလဲမှု (ခေတ်ပြောင်းတော်လှန်ရေး) ပြုလုပ်ပြီးစီးကာ သတင်းအချက်အလက်စီးဆင်းမှုမှာလည်း အဖြတ်အတောက် အဆီးအတားမရှိ ချောမွေ့လာသည့်အခါမှသာ ရွေးကောက်ပွဲကျင်းပနိုင်မည်ဟု ပြောကြားသွားခဲ့သည်။ ယူနွတ်စ်သည် အမေရိကန်သမ္မတဟောင်းကလင်တန်နှင့် ဇနီး နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီကလင်တန်၊ သမ္မတဟောင်း အိုဘားမားတို့နှင့် အထူးရင်းနှီးပြီး ဂျော့ဆိုရော့စ်၏ လူရင်းလည်းဖြစ်ရာ ဘင်္ဂလားဒေ့ရှ်ကို အနောက်လစ်ဘရယ်အုပ်စုများအကြိုက် ပြုပြင်ပြောင်းလဲသွားရန် ကြိုးပမ်းလိမ့်မည်ဟု ယူဆရသည်။ နိုင်ငံရေးအပိုင်းတွင် ထိုင်းနိုင်ငံမှ လူငယ်မျိုးဆက်သစ်တို့၏ Future Forward ပါတီကဲ့သို့ လူငယ်ပါတီသစ်ထူထောင်ရန်လည်း ကျောင်းသားခေါင်းဆောင်များက ပြောကြားလာခဲ့ကြခြင်းကြောင့် ယင်းသို့ပေါ်ပေါက်လာမည့် လူငယ်ပါတီသစ် အင်အားခိုင်မာသည်အထိ ရွေးကောက်ပွဲမကျင်းပသေးဘဲ စောင့်ဆိုင်းနေဖွယ်ရှိကြောင်း မှန်းဆရပါသည်။

သို့ရာတွင် ထိုသို့ ရွေးကောက်ပွဲကာလမသေချာမှုအပေါ် အာဏာလိုချင်လှပြီဖြစ်သော BNP ပါတီက စိတ်မရှည်နိုင်ဖြစ်သကဲ့သို့ အဝါမီလိဂ်ပါတီ ထောက်ခံသူများကလည်း အဝါမီလိဂ်ကို နိုင်ငံရေးပါတီအဖြစ်မှ ပိတ်ပင်တားမြစ်ခြင်း မရှိသေးသဖြင့် ပါတီကို ပြန်လည်ထူထောင်ရန် ရွေးကောက်ပွဲဝင်ခွင့်ရရန် လိုလားလျက်ရှိကြသည်။ သို့ဖြစ်ရာ အနာဂတ်တွင် အနောက်လိုလားသော လစ်ဘရယ်လူငယ်အုပ်စု၊ ပါကစ္စတန်လိုလားသော ဘာသာရေးအခြေခံဝါဒီ BNP နှင့် ဂျမ္မတ်အုပ်စု၊ အိမ်နီးချင်း အဝါမီလိဂ်အုပ်စုဟူ၍ အုပ်စုကြီး သုံးခု၏ သုံးပွင့်ဆိုင်နိုင်ငံရေး ကျားကစားကွက်များကို တွေ့မြင်ရဖွယ်ရှိသည်။

နိုင်ငံတကာဆက်ဆံရေးတွင်မူ အမေရိကန်နှင့် အနောက်အုပ်စု၏ ထောက်ခံအားပေးမှုရရှိထားသော ကျောင်းသားအုပ်စုသာ အာဏာရလာပါက အနောက်လိုလားသည့် နိုင်ငံခြားဆက်ဆံရေး ပေါ်ထွက်လာပြီး တရုတ်နှင့်ဆက်ဆံရေး ယိုယွင်းကျဆင်းသွားနိုင်ဖွယ်ရှိသည်။

ပါကစ္စတန် လိုလားသော BNP နှင့် ဂျမ္မတ်အုပ်စု တက်လာပါက အိန္ဒိယနှင့်ဆက်ဆံရေး တင်းမာလာမည်မှာ သေချာသလောက်ရှိသည်။

အဝါမီလိဂ်ပါတီအနေဖြင့်မူ လတ်တလော ကာလတွင် လူထုသဘောထား ပြောင်းပြန်ပြောင်းလဲသွားကာ ပြည်သူ့ချဉ်ဖတ်သဖွယ် ဖြစ်သွားခဲ့သဖြင့် အချိန်အတိုင်းအတာတစ်ခုအထိ နိုင်ငံရေးဆောင်းခိုကာလ (Political Hibernation) ကို ဖြတ်သန်းရဖွယ်ရှိကြောင်း သုံးသပ်ရပါသည်။

အဝါမီလိဂ်အစိုးရနှင့် နှစ်ရှည်လများ မဟာမိတ်ဖြစ်ခဲ့သော တရုတ်နိုင်ငံအနေဖြင့် မိမိ၏ အကျိုးစီးပွားအရ မူဝါဒပြန်လည်ထိန်းညှိမှု ပြုလုပ်ရဖွယ်ရှိပြီး မည်သူပင်အနိုင်ရစေကာမူ အလုပ်ဖြစ်နိုင်သည့် လုပ်ငန်းသဘောဆက်ဆံရေးကို ထူထောင်ရဖွယ်ရှိပါသည်။

သို့ရာတွင် ကျွဲလေးကောင်ခတ်သည့်အကြားမှ မြေစာပင်ဖြစ်နေရသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အပေါ်ယံမြင်တွေ့ရန်ခက်ခဲသော ကန့်လန့်ကာ နောက်ကွယ်တွင်မူ ဇာတ်ရှုပ်များ ပေါ်ပေါက်နိုင်ဖွယ်ရှိသည်။ ပထဝီနိုင်ငံရေးအရ ဘင်္ဂလားဒေ့ရှ်ကုန်းမြေ နယ်နိမိတ်၏ အများစုကို ဝိုင်းရံထားသော အိန္ဒိယနိုင်ငံကို ကလန်ကဆန်ပြုမိသည်နှင့် အိန္ဒိယနိုင်ငံမှ စီးဆင်းလာသောမြစ်ရေကို မှီခိုနေရသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် အကြောင်းဆိုးသွားနိုင်သည်များလည်းရှိသည်။

အလားတူပင် ဘင်္ဂလားပင်လယ်အော်ထွက်ပေါက်ကို မဖြစ်မနေလိုအပ်နေသည့် တရုတ်နိုင်ငံအား နတ်မြစ်ဝထိပ်မှ အနောက်အုပ်စုက ထိန်းချုပ်ရန် အခွင့်ပေးလိုက်ပါက နိုင်ငံကာကွယ်ရေးတွင် တရုတ်စစ်လက်နက်ပစ္စည်းများကို အားပြုနေရပြီး နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် တရုတ်ရင်းနှီးမြှုပ်နှံမှု၊ တရုတ်နည်းပညာနှင့် တရုတ်ချေးငွေကို လိုအပ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် အိပ်မက်ဆိုးများ ရောက်ရှိလာနိုင်သည်။

လက်ရှိအခြေအနေမှာ အရေးအခင်းကာလတွင် မင်းမဲ့စရိုက်များကြောင့် ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံဖိုးခန့် အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရပြီး အရေးအခင်းအလွန်ကာလတွင် အိန္ဒိယဘက်မှ မြစ်ရေလျှံကျစီးဆင်းလာမှုကြောင့် လူပေါင်း ၅ သန်းကျော် ရေဘေးကြုံတွေ့နေရကာ အစားအစာ၊ ဆေးဝါးနှင့်အဝတ်အထည် စသည့်အထောက်အပံ့များ အရေးပေါ်လိုအပ်နေသည်ဟု ဆိုသည်။ စီးပွားရေးဘက်၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အဓိကဝင်ငွေရလမ်းတစ်ခုဖြစ်သည့် အထည်ချုပ်လုပ်ငန်းမှာ နိုင်ငံရေးမတည်ငြိမ်မှုကြောင့် အထိနာခဲ့ပြီး အော်ဒါမှာယူမှုများလည်း ကျဆင်းနေသည်ဟု ဆိုသည်။

ဘဏ္ဍာရေးဘက်၌ နိုင်ငံခြားကြွေးမြီ ဒေါ်လာဘီလီယံ ၁၀၀ ရှိနေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကြွေးမြီနှင့် ပို့ကုန်အချိုးမှာ ၁၁၆ ဒသမ ၆ ရာခိုင်နှုန်းသို့ ရောက်ရှိနေသည်။ နိုင်ငံခြားသုံးငွေ အရန်ပမာဏမှာလည်း များစွာကျဆင်းနေပြီး ဒေါ်လာ ၁၈ ဘီလီယံခန့်သာရှိရာ သွင်းကုန် သုံးလစာခန့်အတွက်သာ လုံလောက်ရုံရှိသည်ဟု ဆိုသည်။ ထို့ကြောင့် ရှိတ်ဟာဆီနာ မနုတ်ထွက်ရမီကာလက တရုတ်နိုင်ငံမှ ဒေါ်လာဘီလီယံ ၂၀ ချေးယူရန် စီစဉ်ခဲ့သည်ဟု ဆို၏။

အချုပ်အားဖြင့် သုံးသပ်ရပါမူ နှစ်ရှည်လများ အထိုင်ကျနေသည့် တိုးတက်ဖွံ့ဖြိုးမှုအရှိန်အဟုန်ကို ရုတ်ခြည်းပြောင်းပြန်လှန်ကာ အရာခပ်သိမ်း ဖျက်သိမ်းမြေလှန်၍ အသစ်ပြန်လည်တည်ဆောက်မည်ဟု ကြုံးဝါးနေချိန်တွင် နိုင်ငံအခြေအနေမှာ **"သည်မိုး၊ သည်လေ၊ သည်လူတွေ"**နှင့် ရေရှည်မည်သို့ကူးခတ်ကြမည်ကို စောင့်ကြည့်ရန်သာ ရှိပါတော့သတည်း။ ။

# ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၈)ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံဝန်ကြီးအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

## အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများသည် နယ်စပ်ဖြတ်ကျော်သည့်သဘောသဘာဝရှိသောကြောင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုလိုအပ်

**နေပြည်တော် ဩဂုတ် ၃၀**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၄ ခုနှစ် ဩဂုတ် ၂၇ ရက်မှ ၂၉ ရက်အထိ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသော (၁၈)ကြိမ်မြောက် နိုင်ငံဖြတ်ကျော် မှုခင်းများဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ(18th ASEAN Ministerial Meeting on Transnational Crime and its Related Meetings – 18th AMMTC) သို့ တက်ရောက်ခဲ့ပြီး ယနေ့ ညနေပိုင်းတွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

(၁၈)ကြိမ်မြောက် AMMTC နှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားကို လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Latsavong Wanda Vista ဟိုတယ်၌ ဩဂုတ် ၂၈ ရက် နံနက် ၈ နာရီခွဲတွင် ကျင်းပရာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ လေ့လာသူ တီမောလက်စ်တေနိုင်ငံတို့မှ ဝန်ကြီးအဆင့်များနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

### မှတ်တမ်းဓာတ်ပုံရိုက်

ဖွင့်ပွဲအခမ်းအနားတွင် လာအိုနိုင်ငံတော်သီချင်းနှင့် အာဆီယံသီချင်းတို့ကို ဖွင့်လှစ်ခြင်းနှင့် အာဆီယံဒေသတွင်း တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး တာဝန်ထမ်းဆောင်ရင်း ကျဆုံးခဲ့သူများအတွက် တစ်မိနစ်ခန့် ငြိမ်သက်ခြင်း၊ အာဆီယံ ၁၀ နိုင်ငံမှ AMMTC ခေါင်းဆောင်/ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များ တစ်ဦးချင်းမိတ်ဆက်ခြင်း၊ အာဆီယံအတွင်းရေးမှူးချုပ် Dr. Kao Kim Hourn က အမှာစကားပြောကြားခြင်း၊ အိမ်ရှင် လာအိုနိုင်ငံ၏ AMMTC ခေါင်းဆောင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ ဝန်ကြီးဗိုလ်ချုပ်ကြီး Vilay Lakhamphong က အဖွင့်အမှာစကား ပြောကြားခြင်းတို့ ဆောင်ရွက်ခဲ့ပြီး အစည်းအဝေး တက်ရောက်လာသည့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

(၁၈)ကြိမ်မြောက် AMMTC အစည်းအဝေးကို ဩဂုတ် ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၂၀ တွင် Latsavong Wanda Vista ဟိုတယ်၊ State Hall ၌ စတင်ကျင်းပရာ အိမ်ရှင်လာအိုနိုင်ငံ AMMTC ခေါင်းဆောင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားခြင်း၊ အာဆီယံအတွင်းရေးမှူးချုပ်က အာဆီယံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခြင်း၊ အာဆီယံလူဝင်မှုကြီးကြပ်ရေးဌာနများ၏ ညွှန်ကြားရေးမှူးချုပ်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာအကြီးအကဲများ၏ (၂၇)ကြိမ်မြောက် အစည်းအဝေးရလဒ်များကို ရှင်းလင်းတင်ပြခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။



### အမြင်ချင်းဖလှယ်ဆွေးနွေး

ထို့နောက် AMMTC ခေါင်းဆောင်/ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အာဆီယံဒေသတွင်း နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြရာ မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်က မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာတစ်ဝန်းရှိ ပြည်သူသန်းပေါင်းများစွာ၏ဘဝများကို ဆိုးရွားစွာထိခိုက်စေသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် ရောင်းဝယ်ဖောက်ကားမှုသည် နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်ရေးနှင့်တရားဥပဒေစိုးမိုးရေးကိုထိခိုက်စေသည့် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုတို့နှင့် တစ်နည်းတစ်ဖုံ ဆက်စပ်နေပါကြောင်း။

မြန်မာနိုင်ငံသည် Precursor chemical များကို မထုတ်လုပ်နိုင်သော်လည်း အဆိုပါဓာတုပစ္စည်းများသည် နယ်စပ်တစ်လျှောက်ရှိ မူးယစ်ဆေးဝါးထုတ်လုပ်သည့်နေရာများသို့ လမ်းကြောင်းအမျိုးမျိုးဖြင့် တရားမဝင် ဝင်ရောက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံရှိ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းအချို့က မူးယစ်ဆေးဝါးလုပ်ငန်းများတွင် ပါဝင်ပတ်သက်မှုမရှိကြောင်း ငြင်းဆိုထားသော်လည်း လက်တွေ့တွင်မူ ၎င်းတို့၏ ထိန်းချုပ်နယ်မြေများအတွင်းသို့ ဓာတုပစ္စည်းများ တရားမဝင် တင်သွင်းနေပြီး ပြည်ပဓာတုပညာရှင်များ၏ အကူအညီဖြင့် မူးယစ်ဆေးဝါးများချက်လုပ်နေကြပါကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း မူးယစ်ဆေးဝါး အထူးစစ်ဆင်ရေးများကို အကြိမ် (၄၀) ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ်အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် Operation 39 ကို ဆောင်ရွက်ခဲ့ပြီး မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းနှင့် မူးယစ်ဆေးဝါး အမြောက်အမြားကို အောင်မြင်စွာဖမ်းဆီးရမိခဲ့ပါကြောင်း။

ထို့ပြင် အွန်လိုင်းလိမ်လည်မှုနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်းများတွင် လုပ်ကိုင်စေရေးအတွက် အတင်းအဓမ္မ တွန်းအားပေး လုပ်အားခေါင်းပုံဖြတ်ရန် ရည်ရွယ်ချက်ဖြင့် လူကုန်ကူးမှုကျူးလွန်ခြင်းသည် လမ်းကြောင်းသစ်တစ်ရပ် အဖြစ် ပေါ်ထွက်လာနေပါကြောင်း၊ မြန်မာနိုင်ငံသည် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများကို စဉ်ဆက်မပြတ် တိုက်ဖျက်လျက်ရှိပြီး အဆိုပါ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင်လည်း အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ကူညီရှာဖွေကယ်တင်ပေးနိုင်ရန် ပြည်ပနိုင်ငံများမှ အကူအညီတောင်းခံထားသူများနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်များအကြား ပူးပေါင်းပြီး ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိရာ ရလဒ်များအနေဖြင့် ၂၀၂၄ ခုနှစ် ဩဂုတ် ၂၀ ရက်အထိ ၅၄၃၇၃ ဦး ကယ်ဆယ်နိုင်ခဲ့ပြီး ၎င်းတို့အနက် ၅၂၁၆၄ ဦးကို တရုတ်နိုင်ငံသို့လည်းကောင်း၊ ၁၉၉၂ ဦးကို အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့လည်းကောင်း ပြန်လည်လွှဲပေးခဲ့ပြီးဖြစ်ပါကြောင်း။

အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုမရှိဘဲ အဖွဲ့အစည်းတစ်ခုတည်းက ဖြေရှင်းဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ သက်ဆိုင်ရာကဏ္ဍအသီးသီးမှ အဖွဲ့အစည်းများ၏ ပူးပေါင်းမှုဖြင့် ဖြေရှင်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများသည် နယ်စပ်ဖြတ်ကျော်သည့် သဘောသဘာဝရှိသောကြောင့် မိမိတို့အနေဖြင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုလိုအပ်ကြောင်း ဆွေးနွေးခဲ့သည်။

### ပူးတွဲကြေညာချက်ငါးခုအတည်ပြု

ထို့နောက် (၁၈)ကြိမ်မြောက် AMMTC အစည်းအဝေးတွင် အာဆီယံဒေသတွင်း နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးကို ထိရောက်စွာပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် သဘောတရားစာတမ်း နှစ်ခု၊ လမ်းညွှန်ချက် နှစ်ခု၊ လုပ်ငန်းလမ်းညွှန် တစ်ခု၊ ကြေညာချက် နှစ်ခုနှင့် ပူးတွဲကြေညာချက် ငါးခုတို့ကို ဆွေးနွေးအတည်ပြုခဲ့ကြသည်။

အစည်းအဝေးဒုတိယနေ့ ဩဂုတ် ၂၉ ရက်၊ နံနက် ၈ နာရီခွဲတွင် အာဆီယံ ဆွေးနွေးဖက်နိုင်ငံများဖြစ်သော တရုတ်၊ ဂျပန်၊ ကိုရီးယားတို့နှင့် (၁၄)ကြိမ်မြောက် AMMTC + 3 အစည်းအဝေး၊ (၁၁)ကြိမ်မြောက် AMMTC + China အစည်းအဝေး၊ (၉)ကြိမ်မြောက် AMMTC + Japan အစည်းအဝေးနှင့် (၄) ကြိမ်မြောက် AMMTC + ROK အစည်းအဝေးတို့ကို အဆိုပါဟိုတယ်၌ ဆက်လက်ကျင်းပရာ (၉)ကြိမ်မြောက် AMMTC + Japan အစည်းအဝေးတွင် ဂျပန်နိုင်ငံ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်က မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားမှုအပေါ် မြန်မာကိုယ်စားလှယ်က တုံ့ပြန်ပြောကြားရာတွင် ယနေ့ပြုလုပ်သည့်အစည်းအဝေး၏ ရည်ရွယ်ချက်သည် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့်စပ်လျဉ်း၍ မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်ရမည်ကို ဆွေးနွေးရန် ဖြစ်ပါကြောင်း၊ အဆွေတော်၏ ယခု ပြောကြားချက်သည် အခြားနိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ပြောဆိုခြင်းဖြစ်၍ အစည်းအဝေး၏ ရည်ရွယ်ချက်နှင့် လိုက်လျောညီထွေမရှိပါကြောင်း၊ အဆွေတော်တို့ ဂျပန်နိုင်ငံသည် အာဆီယံ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရာမှ ဆွေးနွေးဖက်နိုင်ငံတစ်နိုင်ငံ ဖြစ်လာပါကြောင်း၊ သို့ပါ၍ အဆွေတော်တို့အနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းနှင့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းအသေးစိတ်စီမံချက် (၂၀၂၅) တို့၌ ပြဋ္ဌာန်းဖော်ပြထားသော အခြေခံစည်းမျဉ်းများ၊ မူဝါဒများကို လေးစားလိုက်နာရမည် ဖြစ်ပါကြောင်း၊ အထူးသဖြင့် "အခြားနိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရ" ဟူသော အချက်ပင်ဖြစ်ပါကြောင်း၊ သို့ပါ၍ အဆွေတော်အနေဖြင့် ယခုအစည်းအဝေး၏ အဓိက ရည်ရွယ်ချက်များအပေါ်၌သာ အာရုံပြုပြောကြားပေးနိုင်ပါရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားခဲ့သည်။

(၁၈)ကြိမ်မြောက် AMMTC နှင့် ဆက်စပ်အစည်းအဝေးများတွင် အတည်ပြုမည့် သဘောတရားစာတမ်းများ၊ လမ်းညွှန်ချက်များ၊ လုပ်ငန်းလမ်းညွှန်နှင့် ကြေညာချက်များအား ညှိနှိုင်းဆွေးနွေးနိုင်ရေးအတွက် အဆင့်မြင့်အရာရှိကြီးများ၏ ကြိုတင်ညှိနှိုင်းအစည်းအဝေးများဖြစ်သော နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (SOMTC)၊ SOMTC + 3၊ SOMTC + China၊ SOMTC + Japan နှင့် SOMTC + ROK တို့ကို ဩဂုတ် ၂၇ ရက် နံနက် ၈ နာရီခွဲ တွင် အဆိုပါဟိုတယ်ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ SOMTC ခေါင်းဆောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ ဌာနကြီးမှူး ယာယီရဲမှူးချုပ် ကျော်ဇေယျ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ညှိနှိုင်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

## ပန်းတောင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲကျင်းပ

**ပန်းတောင်း ဩဂုတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲကို မြို့နယ်ပညာရေးမှူးရုံး၊ မြို့နယ်စာရေးဆရာအသင်း၊ မြို့နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတို့ပူးပေါင်း၍ ဩဂုတ် ၂၉ ရက်က အလကခွဲ (တောမ/ထက်) စာသင်ကျောင်း၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် အလကခွဲ (တောမ/ထက်) ကျောင်းအုပ်ဆရာကြီးက အမှာစကားပြောကြားပြီး ဆရာခွန်နေဒူး(သနီမြေ) က လောကဓမ္မရာဇအကြောင်းနှင့် ကဗျာခေါင်းစဉ်၊ ဆရာမောင်တည်ခိုင် (ပန်းတောင်း) က စာဖတ်ပါခေါင်းစဉ်၊ ဆရာအောင်နွေဦးက စာဖတ်ခြင်းဖြင့် လောကကိုအလှဆင်ပါ ခေါင်းစဉ်များဖြင့် ကျောင်းသား ကျောင်းသူများအား သုတ/ရသ စာပေအကြောင်းအရာများ ဟောပြောခဲ့ပြီး ကျောင်းသားကျောင်းသူများကိုယ်စား ဆရာမတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**လပြည့်လင်း (ပြန်/ဆက်)**

ကျေးရွာသစ်တော၊
ထင်းမျောအိမ်တိုင်၊
လှိုင်လှိုင်ရဖို့၊
စိုက်ပျိုးစို့။

# ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

### ကင်းလွတ်ခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

### လျှော့ပေါ့ခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

### ရွှေ့ဆိုင်းခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း

*နိုင်ငံတကာသတင်းများ*

## အမေရိကန် ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် ရွေးချယ်ခံရပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ဟားရစ် အင်တာဗျူး ဖြေဆို



ဒီမိုကရက်တစ် သမ္မတလောင်း ကာမလာဟားရစ်။

**ဝါရှင်တန် ဩဂုတ် ၃၀**

ဒီမိုကရက်တစ် သမ္မတလောင်းဖြစ်သူ ကာမလာဟားရစ်က ၎င်းသာ နိုဝင်ဘာလ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပါက ၎င်း၏ အစိုးရအဖွဲ့တွင် ရီပတ်ဘလီကင် တစ်ဦးကို အဖွဲ့ဝင်တစ်ဦးအဖြစ် ခန့်အပ်သွားရန်စဉ်းစားကောင်း စဉ်းစားနိုင်သည်ဟု ပြောသည်။

လက်ရှိ အမေရိကန် ဒုတိယသမ္မတအဖြစ် တာဝန်ထမ်းဆောင်နေသည့် ကာမလာ ဟားရစ်နှင့် မင်နီဆိုးတား အုပ်ချုပ်ရေးမှူး တင်မ်ဝေါ့ဇ်တို့သည် ဩဂုတ် ၂၉ ရက်က စီအင်န်အင်န်နှင့် အင်တာဗျူးပြုလုပ်ခဲ့သည်။ ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် ရွေးချယ်ခံရပြီးနောက် ကာမလာဟားရစ်အတွက် ပထမဆုံးအကြိမ် အဓိကရုပ်သံအင်တာဗျူးလည်းဖြစ်သည်။ အရေးကြီးသည့်ဆုံးဖြတ်ချက်အချို့ချမှတ်သည့်အခါ မတူညီသည့် အတွေ့အကြုံနှင့် မတူညီသည့် ရှုထောင့်မှ စဉ်းစားသည့်လူမျိုးရှိရန် အရေးကြီးသည်ဟု ထင်မြင်ကြောင်း ဟားရစ်က ပြောသည်။

၎င်း၏ အစိုးရအဖွဲ့ဝင် ရီပတ်ဘလီကင် တစ်ဦး ပါဝင်လာပါက အမေရိကန်ပြည်သူများအတွက် အကျိုးဖြစ်ထွန်းမည်ဟု ယူဆကြောင်း ၎င်းက ဆက်ပြောသည်။ ၎င်း၏ အဓိက ဦးစားပေးနှင့် အရေးကြီးဆုံးအရာမှာ လူလတ်တန်းစားများကို ထောက်ပံ့ပေးရန်နှင့် အားကောင်းလာအောင်ပြုလုပ်ရန်ပင် ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ထို့ပြင် စီးပွားရေးအခွင့်အလမ်းများကိုလည်း အကောင်အထည်ဖော်သွားမည်ဟု ၎င်းက ဆက်ပြောသည်။ **အင်န်အိတ်ချ်ကေ**

## အမေရိကန် အနောက်အလယ်ပိုင်းတွင် အပူလှိုင်းဝင်ရောက်မှုကြောင့် သန်းနှင့်ချီသော ပြည်သူများကို သတိပေးချက်ထုတ်ပြန်ထား

**လော့စ်အိန်ဂျလိစ် ဩဂုတ် ၃၀**

ယခုသီတင်းပတ်အတွင်း အမေရိကန် အနောက်အလယ်ပိုင်း ပြည်နယ်များတွင် အပူလှိုင်းဝင်ရောက်မှုကြောင့် စံချိန်တင် အပူချိန်များ မြင့်မားလျက်ရှိသည်။ ထို့ကြောင့် လူဦးရေသန်း ၆၀ ကျော်အတွက် သတိပေးချက်များ ထုတ်ပြန်ထားသည်။

ချီကာဂို၊ ဒက်စ်မွိုင်နက်စ်နှင့် တိုပီကာကဲ့သို့သော အနောက်အလယ်ပိုင်းဒေသရှိ မြို့များတွင် ရှားပါးသော အပူချိန်အလွန်မြင့်မားမှုကို အချိန်ကြာမြင့်စွာ တွေ့ကြုံရကြောင်း အမေရိကန် အမျိုးသားမိုးလေဝသဌာနက ပြောသည်။

အပူလှိုင်းများ ၊ အပူလှိုင်းနှင့်ဆက်စပ်သည့် စိုထိုင်းဆ အန္တရာယ်တို့ အကြောင်း အများပြည်သူများကို သတိပေးထားသည်။ အမေရိကန် အနောက်အလယ်ပိုင်းပြည်နယ်များတွင် အများပြည်သူများအတွက် အအေးခန်းစနစ် စင်တာအများအပြား ပြင်ဆင်ထားသည်။

ပြင်းထန်သည့် အပူဒဏ်ကြောင့် နှစ်စဉ် လူပေါင်း ၁၂၂၀ သေဆုံးရသည်ဟု အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။

**ဆင်ဟွာ**

## ဂါဇာဒေသတွင် ပိုလီယိုကာကွယ်ဆေးလှုပ်ရှားမှုစတင်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးပြင်ဆင်

**ဂါဇာ ဩဂုတ် ၃၀**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် ဂါဇာဒေသ၌ ၂၅ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ပိုလီယိုရောဂါဖြစ်ပွားမှု တွေ့ရှိခဲ့သည်။ ကမ်းမြောင်ဒေသရှိ ကလေးများ ပိုလီယိုကာကွယ်ဆေးရရှိရေး အစ္စရေးနှင့်ဟားမားစ် နှစ်ဖက်စလုံးမှ သဘောတူထားပြီးဖြစ်ကြောင်း ဩဂုတ် ၂၉ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။ စက်တင်ဘာ ၁ ရက်မှစ၍ သုံးရက်တာအတွင်း နံနက် ၆နာရီမှ မွန်းလွဲ ၃ နာရီအထိ ဇုန်သုံးဇုန်တွင် တိုက်ပွဲများ ရပ်နားထားမည်ဟု သဘောတူညီမှုတွင် ပါဝင်သည်။

**အသက်ငါးနှစ်အောက်ကလေးငယ်များ အဓိကကူးစက်သည့် ရောဂါ**

အချိန်လုံလောက်မှုမရှိသော်လည်း ဂါဇာ ကမ်းမြောင်ဒေသရှိ ကလေးငယ်ပေါင်း ၆၄၀၀၀၀ ကို ကာကွယ်ဆေးပေးနိုင်ရေး ရည်ရွယ်ထားသည်။ “ဒါဟာအကောင်းဆုံးနည်းလမ်းလို့တော့ မပြောလိုပါဘူး။ ဒါပေမယ့်လည်း ရှေ့ဆက်သွားဖို့တော့ အလုပ်ဖြစ်ပါလိမ့်မယ်။ ဘာမှမလုပ်ဘဲနေရင် ပိုပြီးဆိုးရွားလာပါလိမ့်မယ်။ ဂါဇာဒေသမှာ ပိုလီယိုကူးစက်မှုတွေ ရပ်တန့်သွားအောင် လုပ်ဆောင်ဖို့ လိုပါလိမ့်မယ်” ဟု အနောက်ဘက်ကမ်းနှင့် ဂါဇာဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေး ကိုယ်စားလှယ်ဖြစ်သူ ရစ်ခ်ပီပါကွန်က ပြောသည်။ ပိုလီယိုသည် အသက်ငါးနှစ်အောက်ကလေးငယ်များကို အဓိကကူးစက်သည့် ရောဂါဖြစ်သည်။

**ရောဂါပြင်းထန်ပါက အသက်သေဆုံးသည်အထိ ဖြစ်စေနိုင်**

၎င်း၏ ရောဂါလက္ခဏာများမှာ အဖျားကြီးခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းနှင့် ခြေလက်များ နာကျင်ခြင်းတို့ ပါဝင်သည်။ ကိုယ်လက်အင်္ဂါများ အကြောသေခြင်းကို ဖြစ်စေပြီး ရောဂါပြင်းထန်ပါက အသက်သေဆုံးသည်အထိ ဖြစ်စေနိုင်သည်။ ရေပေးဝေမှုပျက်စီးသွားခြင်းနှင့် ရေဆိုးစနစ် ညံ့ဖျင်းခြင်းတို့ကြောင့်ဖြစ်သည်ဟု အကူအညီပေးရေးလုပ်သားများက အပြစ်တင်ကြသည်။ ဒေသခံတစ်ဦးက ၎င်း၏ ၁၁ လသားအရွယ်ကလေးငယ်မှာ ပိုလီယိုဖြစ်ပွားပြီး ဆေးရုံ၌ ကုသမှုခံယူသော်လည်း ခါးအောက်ပိုင်းသေသွားခဲ့ကြောင်း ပြောသည်။

**နှစ်ဖက်စလုံးမှ သဘောတူညီမှုအတိုင်း လိုက်နာမည်ဟု မျှော်လင့်**

ပထမတစ်ကြိမ် ကာကွယ်ဆေးပေးပြီး လေးပတ်အကြာတွင် ဒုတိယအကြိမ်ကာကွယ်ဆေးပေးရန် လိုအပ်ကြောင်း ပဋိပက္ခဖြစ်ပွားနေသည့် နှစ်ဖက်စလုံးမှ သဘောတူညီမှုအတိုင်း လိုက်နာမည်ဟု မျှော်လင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။ **အင်န်အိတ်ချ်ကေ**

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ကုန်ရှိ ဘဏ်များ၏ ငွေရေးကြေးရေးခိုင်မာမှုအခြေအနေများအပေါ် ဆန်းစစ်ချက်များနှင့် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်ချက်များအား အပြည့်အဝဆောင်ရွက်ရမည့်ကိစ္စရပ်များအပေါ် လမ်းညွှန်မှာကြားသည့် အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၃၀**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဦးဆောင်၍ ဒုတိယဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် မြန်မာနိုင်ငံ ဘဏ်များအသင်း၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အမှုဆောင်အဖွဲ့ဝင်များနှင့် ဘဏ်များ၏ အမှုဆောင်အရာရှိချုပ်များနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်ချက်များအား အပြည့်အဝဆောင်ရွက်ရမည့် ကိစ္စရပ်များအပေါ် လမ်းညွှန်မှာကြားသည့် အစည်းအဝေးကို ယနေ့ညနေပိုင်းတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ကုန်ရှိ ဘဏ်များ၏ ငွေရေးကြေးရေးခိုင်မာမှု အခြေအနေများအပေါ် ဆန်းစစ်ချက်များ၊ Financial Soundness Indicator များအား ရှင်းလင်းခြင်း၊ ဘဏ်များက ပြုပြင်ဆောင်ရွက်ရမည့် အချက်များ၊ Operational Risk နှင့် Credit Risk တို့ကို အားကောင်းခိုင်မာစွာ စီမံခန့်ခွဲနိုင်ရေး၊ ဘဏ်၏ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုဆိုင်ရာ အရာထမ်းများနှင့် အစုရှယ်ယာရှင်များအကြား Corporate Governance များ ပိုမိုအားကောင်းစေရေး၊ ထုတ်ပြန်ထားသည့် စည်းမျဉ်းများကို လိုက်နာမှုအခြေအနေများ၊ နိုင်ငံခြားငွေ စီးဝင်/ စီးထွက်မှုများတွင် စိစစ်ကြီးကြပ်သည့် အချက်များ၊ FATF အကြံပြုချက်များအပေါ် မြန်မာနိုင်ငံက အကောင်အထည်ဖော် လိုက်နာဆောင်ရွက်နေမှုများ၊ ဘဏ်များက သတင်းပေးပို့ဆောင်ရွက်ရာတွင် စိစစ်ရမည့်အချက်များ၊ ပြင်ပစာရင်းစစ်များ ခန့်အပ်မှုအခြေအနေများ၊ Digital Platform များတွင် Digital Payment များဆောင်ရွက်ရာ၌ စိစစ်ရမည့် အချက်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လိုအပ်သည့်အချိန်၌ ငွေကြေးမူဝါဒအရ အကောင်အထည်ဖော်ရာတွင် အတိုးနှုန်းသာမက အနည်းဆုံး သီးသန့်ငွေလိုအပ်ချက်အချိုး သတ်မှတ်ခြင်း (Reserve Requirement Ratio–RRR)၊ ပိုလျှံသီးသန့်ငွေအပေါ် အတိုးပေးခြင်း (Interest on Excess Reserve – IOER) များ ဆောင်ရွက်နေမှုများ၊ ၎င်းအပြင် Open Market Operation အရ လိုအပ်ပါက Monetary Note များကို Digital Platform တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကိစ္စရပ်များ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာသည့် သက်ဆိုင်ရာဘဏ်များကလည်း သိရှိလိုသည်များ မေးမြန်းခြင်းနှင့် ပြန်လည်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် Naypyitaw State Academy တွင်ကျင်းပသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲတက်ရောက်

**နေပြည်တော် ဩဂုတ် ၃၀**

Naypyitaw State Academy တွင် ကျောင်းသားလူငယ်များ ဥပဒေဆိုင်ရာ အခြေခံအသိအမြင်၊ ဗဟုသုတများ တိုးပွားစေရန်နှင့် ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များကို ကျောင်းသားကျောင်းသူများ ကျယ်ကျယ်ပြန့်ပြန့် နားလည်သိရှိ လိုက်နာဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥပဒေဆိုင်ရာ ဒုတိယအကြိမ် အသိပညာပေးဟောပြောဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁နာရီခွဲတွင် Naypyitaw State Academy ဘက်စုံခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ယနေ့ ကျောင်းသား လူငယ်များသည် အနာဂတ်၏ ခေါင်းဆောင်လောင်းများ၊ မူဝါဒရေးဆွဲမည့်သူများ၊ ရွေးကောက်ပွဲ မဲဆန္ဒရှင်လောင်းများဖြစ်ကြသဖြင့် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် ပြည်ထောင်စု ရွေးကောက်ပွဲဆိုင်ရာအကြောင်းအရာများကို ပိုမိုသိရှိနားလည်စေရန် ယနေ့အသိပညာပေး ဟောပြောဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးသန့်ဇင်အောင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် ပါဝင်သည့် နိုင်ငံတော်အခြေခံမူများထဲမှ သိသင့်သိထိုက်သည်များ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ဖွဲ့စည်းမှုများ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ၊ ကောက်နုတ်ချက်နှင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ သိသင့်သိထိုက်သည်များ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေတွင် ပါရှိသည့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဖွဲ့စည်းခြင်းနှင့် ခန့်အပ်တာဝန်ပေးခြင်း၊ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့် ဖွဲ့စည်းခြင်းနှင့် ခန့်အပ်တာဝန်ပေးခြင်း၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်၏ တာဝန်၊ လုပ်ပိုင်ခွင့်များ၊ ရွေးကောက်ပွဲနှင့် ပထမအကြိမ်မဲပေးကြမည့် လူငယ်များ၏ အခန်းကဏ္ဍတို့ကို ရှင်းလင်းဆွေးနွေးဟောပြောရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာ ဦးစီးဌာနနှင့် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ Naypyitaw State Academy မှ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ တွဲဖက်ပါမောက္ခ (ဌာနမှူးများ)၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အင်းစိန်မြို့နယ်၌ မိုးရာသီအတ္ထုပ္ပတ္တိစာပေစာဖတ်ဝိုင်းကျင်းပ

**ရန်ကုန် ဩဂုတ် ၃၀**

အင်းစိန်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ စာပေဥယျာဉ်အသင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ မိုးရာသီအတ္ထုပ္ပတ္တိ စာပေစာဖတ်ဝိုင်းကို ဩဂုတ် ၂၇ ရက်က ခရိုင်လူထုအခြေပြုဗဟိုဌာန(အင်းစိန်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်း၊ အသင်းနာယက ဦးရန်နောင် (ရန်နောင်-ပညာရေး)၊ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတော်မြင့် (တော်မြင့်-ငှက်ဖျား)တို့က အမှာစကားပြောကြားပြီး စာပေဥယျာဉ်အသင်းနှင့် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးဆက်သစ်လူတော်လူကောင်းများ ပေါ်ထွန်းလာစေရေး ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိစာတမ်းဖတ်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စာရေးဆရာ ရန်မိုးအောင် (အင်းစိန်)က လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအကြောင်း၊ မောင်သာတင့်(မြန်အောင်)က ကမ္ဘာ့ငြိမ်းချမ်းရေးဖခင်ကြီး ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်အကြောင်း၊ မောင်ပန်းဝေ (ညောင်တုန်း)က အမျိုးသားစာပေ တစ်သက်တာစာပေဆုရှင် ဒေါက်တာသန်းဦးအကြောင်းနှင့် စာရေးဆရာမ ငြိမ်းဆုသွယ် (မြေလတ်သူ)က ဂန္ထဝင်အနုပညာရှင်ကြီး ဘဘဦးသုခအကြောင်းတို့ကို စိတ်ဝင်စားဖွယ်၊ မှတ်သားအတုယူဖွယ်ရာများကို ဆွေးနွေးကြသည်။ ထို့နောက် တက်ရောက်လာကြသော စာရေးဆရာများက အမြင်ချင်း ဖလှယ်ကြခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ONE Friday Fights 77 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ စူပါရေချမ်း ထိုင်းဖိုက်တာကို အမှတ်ဖြင့် ရှုံးနိမ့်

ONE Friday Fights 77 ပြိုင်ပွဲကို ဩဂုတ် ၃၀ ရက်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ကျင်းပရာ မြန်မာဖိုက်တာ စူပါရေချမ်း အမှတ်ဖြင့် အရေးနိမ့်ခဲ့သည်။

စူပါရေချမ်းသည် ထိုင်းဖိုက်တာ ဆူတင်နှင့် ယှဉ်ပြိုင်ထိုးသတ်ခြင်းဖြစ်ပြီး သုံးချီပြည့်သည်အထိ အရှုံးအနိုင်မပေါ်သဖြင့် အမှတ်ဖြင့် ဆုံးဖြတ်ရာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ စူပါရေချမ်းသည် ONE Championship နှင့် ပထမဆုံးပွဲ ထိုးသတ်ရသော်လည်း အကောင်းဆုံး ယှဉ်ပြိုင်နိုင်ခဲ့သည်။ ထိုင်းဖိုက်တာဆူတင်ကို သူတင်ကိုယ်တင် ထိုးသတ်နိုင်ခဲ့သလို လက်သီးချက်များလည်း ထိရောက်ခဲ့သည်။ သို့သော် သုံးချီပြည့်သည်အထိ အရှုံးအနိုင်မပေါ်သဖြင့် အမှတ်ဖြင့် ဆုံးဖြတ်ရာ ဒိုင်လူကြီးသုံးဦးအနက် နှစ်ဦးက ဆူတင်ကို အနိုင်ပေးပြီး တစ်ဦးကသာ စူပါရေချမ်းကို အနိုင်ပေးသဖြင့် ဆူတင် အနိုင်ရခဲ့ခြင်းဖြစ်သည်။ စူပါရေချမ်းသည် ONE Championship နှင့် လက်တွဲပြီး ပထမဆုံးပွဲ ထိုးသတ်ခြင်းဖြစ်သည်။ **ညီမြတ်သော်တာ**

# မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (ရုံးချုပ်)အဆောက်အဦနှင့် ဇလပ်ဝါပလာဇာဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၃၀**

မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက် (ရုံးချုပ်) အဆောက်အဦနှင့် ဇလပ်ဝါပလာဇာ ဖွင့်လှစ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ဥတ္တရသီရိမြို့ မန္တလေးလမ်းနှင့် ဇလပ်ဝါလမ်းရှိ အဆိုပါ ပလာဇာမျက်နှာစာ၌ ကျင်းပရာ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ နှင့်တာဝန်ရှိသူများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်၊ မြန်မာ့စီးပွားရေး ဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ၊ ဌာနကြီးမှူးများ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။





ရှေးဦးစွာ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(ရုံးချုပ်) အဆောက်အဦနှင့် ဇလပ်ဝါပလာဇာအား မြန်မာ့စီးပွားရေး ဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးမင်းဇော်၊ အထွေထွေ အုပ်ချုပ်ရေးရာဌာနကြီးမှူး ဦးမောင်မောင်စိုး၊ ဝန်ဆောင်မှုလုပ်ငန်းများ ဌာနကြီးမှူး ဦးအောင်ရဲဝင်း၊ ဒါရိုက်တာအဖွဲ့ဝင် ဦးကျော်မျိုးဝင်းနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး ရဲမိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)



ထို့နောက် မြန်မာ့စီးပွားရေး ဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီးဆန်းဦးက မြန်မာ့စီးပွားရေးဦးပိုင် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် (ရုံးချုပ်) အဆောက်အဦနှင့် ဇလပ်ဝါပလာဇာ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး(အပေါ်ပုံ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် တာဝန်ရှိသူများနှင့် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက်မြန်မာ့စီးပွားရေး ဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီးဆန်းဦးနှင့် တာဝန်ရှိသူများက မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်ရုံးချုပ်နှင့် ဇလပ်ဝါ ပလာဇာအဆောက်အအုံ ကမ္ဘည်းမော်ကွန်းအား အမွှေးနံ့သာရည် ဖြင့်ပက်ဖျန်းပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

အဆိုပါ ဇလပ်ဝါပလာဇာ သည် နေပြည်တော် ဥတ္တရသီရိမြို့ မန္တလေးလမ်းနှင့် ဇလပ်ဝါလမ်း ထောင့်တွင်တည်ရှိပြီး စားသောက်ကုန်၊ လူသုံးကုန်၊ ဆေးနှင့် ဆေးပစ္စည်း၊ ကျောက်မျက်ရတနာ၊ အဝတ်အထည်၊ စာရေးကိရိယာ၊ နိုင်ငံခြားအစားအစာနှင့် ရိုးရာ အစားအသောက်များ၊ Cosmetic ဆိုင်ရာများ၊ အမှတ်တရ လက်ဆောင်ပစ္စည်း အရောင်းဆိုင်များ၊ ကျန်းမာရေးအထောက်အကူပြု စက်ပစ္စည်းများ၊ အီလက်ထရောနစ်ပစ္စည်းများကို တစ်နေရာတည်း၌ ပြီးပြည့်စုံစွာ ဝယ်ယူနိုင်သည့်အပြင် ခေတ်မီကလေး ကစားကွင်းများပါဝင်ကာ အခမ်းအနားများပြုလုပ်နိုင်သည့် ခန်းမလည်းပါဝင်ကြောင်း သိရသည်။

အဆိုပါပလာဇာအား နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ထားကြောင်း သိရသည်။ **သတင်းစဉ်**

## ပုသိမ်ကြီးမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး အသိပညာပေး

**မန္တလေး ဩဂုတ် ၃၀**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ပုသိမ်ကြီးမြို့နယ် အထက ပုသိမ်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ အောင်မြေသာစံ ခရိုင် သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ ခရိုင် အုပ်ချုပ်ရေးမှူး ဒေါက်တာအောင်ဆွေက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးက သန်းခေါင်စာရင်းဆိုင်ရာ အုပ်ချုပ်မှုကိစ္စရပ်များကို ဆွေးနွေးသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အသိပညာပေးဆွေးနွေး ပြောကြားသည်။ ဆက်လက်၍ အခမ်းအနားတက်ရောက်သူ ၁၆၅ ဦးကို သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးပြီး ခရိုင်အဆင့် သန်းခေါင်စာရင်း နည်းပြသင်တန်း တက်ရောက်မည့် ဆရာ ဆရာမများအား Tablet နှင့် အထောက်အကူပြုပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ်သည်။

**မြို့နယ်(ပြန်/ဆက်)**

## ကမာရွတ်မြို့နယ်၌ ဆေးလိပ်ဆေးရွက်ကြီးအန္တရာယ် အသိပညာပေး ပန်းချီပြိုင်ပွဲနှင့် ဟောပြောပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသော ဆေးလိပ်ဆေးရွက်ကြီး လွှမ်းမိုးမှုအန္တရာယ် သတိပြုကာကွယ် တို့လူငယ်ခေါင်းစဉ်ဖြင့် ဟောပြောပွဲ၊ ပန်းချီပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်း ပညာတန်ဆောင်ခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူ ၂၅ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂)က ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောကာ ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများသည် ခင်းကျင်းပြသထားသည့် ဆေးလိပ်ဆေးရွက်ကြီးသောက်သုံးမှုနှင့် ပတ်သက်သည့် အသိပညာပေး ပိုစတာများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

❑ *ကျော့ဖုံးမှ*

၎င်း၏ဖော်ထုတ်ချက်အရ စိတ်ပြောင်းဆေးဝါးများလက်ခံမည့်သူ စိုင်းခမ်းတီ အား အောင်မြေသာစံမြို့နယ် မဟာဇေယျာဘုံရပ်ကွက်တွင် မော်တော်ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာအဝေးပြေးကားဝင်းတွင် ကံထူးတင်သိန်း အား စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အက်တက်စီဆေးပြား ၄၉၀၀၊ Happy-5 ဆေးပြား ၃၈၀၊ ကက်တမင်း ၉၅၀ ဂရမ်၊ TOYOTA FIELDER မော်တော်ယာဉ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ စိတ်ပြောင်းဆေးဝါးများယူဆောင်ခိုင်းသူ အောင်ဘုန်းမြတ် အား တောင်ဥက္ကလာပမြို့နယ် (၁၁)ရပ်ကွက် မေတ္တာလမ်းရှိ ၎င်း၏နေအိမ်တွင် စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အိုက်စ်(မက်သ်အဖက်တမင်း) ၄၇၀ ဂရမ်၊ ကက်တမင်း ၂၅ ဂရမ်၊ Collagen အမှုန့် ၁ ကီလိုနှင့် မူးယစ်ဆေးဝါး Tramadol ဆေးတောင့် ၇၀၀ နှင့် လည်းကောင်း၊ ဩဂုတ် ၂၈ ရက် နံနက် ၁၁ နာရီတွင် စိတ်ပြောင်းဆေးဝါးများအား လူမှဲ့တန်ဆာဖြင့် ပို့ဆောင်ပေးသူ ဝါဝါလွင်(ခ)စန္ဒာ အား ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာ ရပ်ကွက်(၁)တွင် ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၅၅၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water ၂ ဒသမ ၄၅ ကီလို၊ အက်တက်စီဆေးပြား ၄၉၀၀၊ Happy-5 ဆေးပြား ၃၈၀၊ ကက်တမင်း ၉၅၀ ဂရမ်၊ အိုက်စ် (မက်သ်အဖက်တမင်း) ၄၇၀ ဂရမ်၊ ကက်တမင်း ၂၅ ဂရမ်၊ Collagen အမှုန့် ၁ ကီလိုနှင့် မူးယစ်ဆေးဝါး Tramadol ဆေးတောင့် ၇၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့သို့ သယ်ဆောင်၍ KTV/ CLUB/ BAR နှင့် စားသောက်ဆိုင်များတွင် လူငယ်များအား ဖြန့်ဖြူးရောင်းချခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ကံထူးတင်သိန်း၊ အောင်ဘုန်းမြတ်နှင့် ဝါဝါလွင်(ခ)စန္ဒာ တို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

❊ *ကျော့ဖုံးမှ*

ငါးဂိုး-သုံးဂိုး၊ MIU အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ၂၁ ဂိုး-ဂိုးမရှိ၊ UPK အသင်းက တော်ဝင်နန်းအသင်းကို ငါးဂိုးပြတ်၊ လက်ရှိချန်ပီယံ VUC အသင်းက Pacific Sun Far အသင်းကို ကိုးဂိုး-ဂိုးမရှိ၊ Power HBI အသင်းက Noka United အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ဩဂုတ် ၃၀ ရက်အပြီးတွင် အုပ်စုငါးခု ကျင်းပပြီးစီးထားပြီး ရှုံးထွက်အဆင့် တက်ရောက်သည့် ၁၀ သင်းထွက်ပေါ်ထားပြီးဖြစ်သည်။ အုပ်စု (A) တွင် ပြည့်စုံအသင်းက ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ Generations အသင်းက ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (B) တွင် TG United အသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ Futsal-19 အသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (C) တွင် Winner Soccer အသင်းက ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ 7 Brother အသင်းက ငါးမှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (D) တွင် UPK အသင်းက ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ MIU အသင်းက ငါးမှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (E) တွင် လက်ရှိ ချန်ပီယံ VUC အသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ Power HBI အသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ရှုံးထွက်အဆင့် တက်ရောက်ခဲ့သည်။ အုပ်စုနောက်ဆုံးနေ့ကို ဩဂုတ် ၃၁ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင် ၊ ဓာတ်ပုံ-MFF**

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်နှင့် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ (Belt and Road Initiative)၏ ပွင့်လင်းမြင်သာစွာတည်ဆောက်ရေး နှီးနှောဖလှယ်ပွဲတက်ရောက်ပြီး မန္တလေးမြို့သို့ပြန်လည်ရောက်ရှိ



**မန္တလေး ဩဂုတ် ၃၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်နှင့် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ(Belt and Road Initiative)၏ ပွင့်လင်းမြင်သာစွာ တည်ဆောက်ရေး နှီးနှောဖလှယ်ပွဲ (The Belt and Road Integrity Construction Local Seminar between Yunnan, China and Southeast Asian Countries) သို့ တက်ရောက်ခဲ့သည့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့မှ မန္တလေးမြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။(ယာပုံ)

ဒေသတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် အရှေ့တောင်အာရှနိုင်ငံများနှင့် နိုင်ငံတကာကူးလူးဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာစေရန်၊ စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရန်၊ နယ်စပ်ဖြတ်ကျော် အဂတိလိုက်စားမှုကို တားဆီးနှိမ်နင်းရေးနှင့် ပတ်သက်သော အစီအမံများ ဆောင်ရွက်ရန်နှင့် လိုက်လျောညီထွေမှုတည်ဆောက်ရန်တို့အတွက် ရည်ရွယ်ကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်နှင့် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ (Belt and Road Initiative) ၏ ပွင့်လင်းမြင်သာစွာ တည်ဆောက်ရေး နှီးနှောဖလှယ်ပွဲကို ကူမင်းမြို့၌ ဩဂုတ် ၂၈ ရက်မှ ဩဂုတ် ၂၉ ရက်အထိ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaint Mechanism-NCM) ဖြင့် ကိုင်တွယ်ဖြေရှင်းသွားမည်

**နေပြည်တော် ဩဂုတ် ၃၀**

မြန်မာနိုင်ငံသည် ILO နှင့် ပူးပေါင်းကာ အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို ၂၀၀၇ ခုနှစ်မှစတင်၍ သက်ဆိုင်သည့်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်မှစတင်၍ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaint Mechanism – NCM) ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့်အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီမှ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ မည်သူမဆို အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး (ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇- ၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice51@gamil.com, research.org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမား ဝန်ကြီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

# ကလေးမြို့မှ ချင်းပြည်နယ်သို့ ဆန်နှင့်လျှပ်စစ်ပစ္စည်းများကို သယ်ယူတင်ပို့ခွင့် ပိတ်ပင်ထားကြောင်း သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေ

**နေပြည်တော် ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်မှ ချင်းပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်များသို့ ဆန်နှင့် လျှပ်စစ်ပစ္စည်းများ သယ်ယူတင်ပို့ခွင့် ပိတ်ပင်ထားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာတွင် ဝါဒဖြန့်ဝေရေးသားလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာနယ်မြေ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဒေသခံပြည်သူများအတွက် အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများကို သယ်ယူတင်ပို့ခွင့်များအား စနစ်တကျစစ်ဆေးကြပ်မတ်၍ သယ်ယူခွင့် ခွင့်ပြုထားကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် တရားမဝင်ပြည်ဖျက် မီဒီယာများက ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# သံလွင်နှင့် စစ်တောင်း မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၃၀**

ယနေ့ နံနက် ၇ နာရီခွဲ တိုင်းထွာချက်များအရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ တစ်ပေခွဲကျော် (၄၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ နှစ်ပေခွဲခန့် (၇၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၂၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# မန္တလေးမြို့ပေါ်တွင် နှစ်ရက်အတွင်း လူငယ်နှစ်ဆယ်ခန့် ဖမ်းဆီးခံရကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသား ဖြန့်ဝေ




**နေပြည်တော် ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး တံတားဦးနှင့် ပြည်ကြီးတံခွန်မြို့ပေါ်ရှိ ရပ်ကွက်များတွင် ဩဂုတ်လ ၂၇ ရက်နှင့် ၂၈ ရက် နှစ်ရက်အတွင်း လူငယ်နှစ်ဆယ်ဦးခန့်ကို စစ်မှုထမ်းရန်အတွက် တပ်မတော်မှ ဖမ်းဆီးထားကြောင်း မဟုတ်မမှန် သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မန္တလေးမြို့ပေါ်တွင် စစ်မှုထမ်းဆောင်ရန်အတွက် လူငယ်များအား ဖမ်းဆီးနေသည့်သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မန္တလေးမြို့အတွင်း အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်မှုမရှိစေရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းနှင့် လှည့်ကင်းပတ်ကင်းများကို မန္တလေးမြို့မှ တာဝန်သိပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းသာဖြစ်ကြောင်းနှင့် စစ်မှုထမ်းဆောင်ခြင်းနှင့် ပတ်သက်၍ ပြည်သူ့စစ်မှုထမ်း ဥပဒေကို အတည်ပြု ပြဋ္ဌာန်းထားပြီး သက်ဆိုင်ရာအဖွဲ့အစည်းများမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများက မန္တလေးမြို့အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ သတင်းအမှားများဖြင့် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဩဂုတ် ၃၀**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင် အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## သီပေါဒေသမှ ဆန်အခက်အခဲရှိသူများအား စေတနာရှင်များက ဆန်နှင့်ငွေများ ထောက်ပံ့ကူညီ

**သီပေါ သြဂုတ် ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်အတွင်း အခက်အခဲရှိ ဒေသခံများအား စားသောက်ရေးအဆင်ပြေရေးအတွက် အဝေးရောက် သီပေါသားများ၊ ရန်ကုန်/မန္တလေး (သီပေါအသင်း) နှင့် သီပေါတရုတ်လူမျိုး အသင်းတို့မှ လှူဒါန်းသော ဆန်အိတ် ၂၀၀ ကျော်နှင့် အလှူငွေများ ဒုတိယအကြိမ် ကူညီပံ့ပိုးပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက နယ်စည်းမခြား လူမှုကူညီရေး ပရဟိတအသင်းမှ တစ်ဆင့် ပေးအပ်ကူညီကြောင်း သိရသည်။



ထိုသို့ကူညီပံ့ပိုးပေးအပ်မှုတွင် မီးရထားရပ်၊ မြန်မာရပ်၊ ဈေးရပ်၊ အနောက်ရပ်၊ ပန်းထိမ်မြောက်ရပ်၊ အုတ်ကျင်း၊ တောင်မြို့၊ ရွှေကျောင်း၊ မြို့လယ် ရပ်ကွက်များနှင့် စံဖိတ်၊ စံလိုင်၊ ဇာတ်စု၊ တုံစင့်ကျေးရွာတို့မှ စားသုံးဆန် အခက်အခဲရှိသူများကို အိမ်ထောင်စု တစ်စုလျှင် ဆန် သုံးပြည်နှုန်းဖြင့် အိမ်ထောင်စု ၁၅၀၀ ကျော်၊ ဆန်အိတ်ပေါင်း ၃၀၀ ကျော်ကို နယ်စည်းမခြား ပရဟိတအသင်း ခေါင်းဆောင် ဦးမျိုးမြင့်လွင်နှင့်အဖွဲ့က အဆိုပါ ရပ်ကွက်များသို့ ကွင်းဆင်းဖြန့်ဝေ လှူဒါန်းခဲ့သည်။

နယ်စည်းမခြား ပရဟိတ အသင်းဦးဆောင်မှုဖြင့် ဇွန်၊ ဇူလိုင်လအတွင်းကလည်း ပထမအကြိမ်အဖြစ် ဆန်အခက်အခဲရှိသည့် မိသားစု များကို ဆန်အိတ်ပေါင်း ၅၀၀ကျော်နှင့် အလှူငွေများ ပံ့ပိုးကူညီလှူဒါန်းခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)




❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀ - ၈ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၅၅ ကျပ် | ၂၇၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၃၂၉၅ ကျပ် | ၃၃၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၃၁၀၀ ကျပ် | ၃၁၈၅ ကျပ် |
| အောက်တိန်း ၉၅ | ၃၂၄၀ ကျပ် | ၃၃၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## သုံးဆယ်ကျွန်းကျေးရွာ စာကြည့်တိုက်အဆောက်အအုံသစ် ပန္နက်တင်

**မြန်အောင် သြဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ညောင်ဝိုင်းကျေးရွာအုပ်စု သုံးဆယ်ကျွန်းကျေးရွာ အနာဂတ်အလင်းတန်းစာကြည့်တိုက် အဆောက်အအုံသစ် ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာကို စာကြည့်တိုက်မြေနေရာ၌ သြဂုတ် ၂၈ ရက်က ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးနေမင်းထွန်းနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီးတွင် ပန္နက်တင်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

အဆိုပါ စာကြည့်တိုက်အဆောက်အအုံကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လှူဒါန်းရရှိငွေကျပ် သိန်း ၁၅၀နှင့် ဒေသခံပြည်သူများ၏ စုပေါင်းလှူဒါန်းငွေတို့ဖြင့် အလျား ပေ ၂၀၊ အနံ ၁၉ ပေရှိ RC တစ်ထပ်



အဆောက်အအုံနှင့်စာကြည့်တိုက်သုံး ပရိဘောဂနှင့် စာအုပ် စာစောင်များ ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဆင်းပွဲနှင့် ခရိုင်အဆင့် နည်းပြ ခန့်အပ်တာဝန်ပေးအပ်



**မန္တလေး သြဂုတ် ၃၀**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဆင်းပွဲနှင့် ခရိုင်အဆင့် နည်းပြခန့်အပ်တာဝန်ပေးအပ်ပွဲကို သြဂုတ် ၃၀ရက်က မန္တလေး အောင်မြေသာစံမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီအတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးစိုးလွင်က အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား ခရိုင်အဆင့်နည်းပြအဖြစ် တာဝန်ပေးခန့်အပ်လွှာများကို တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက တစ်ဦးချင်း ပေးအပ်ကြသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြကြောင်း သိရသည်။

တင်မောင် - မန်း

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၇၇ | ၁၅၇၅၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၃၉၅၃ | ၁၃၆၈၅၅၀၀ |
| MCB | ၉၀၀၀ | ၉၀၀၀ | ၁၅ | ၁၃၅၀၀၀ |
| FPB | ၁၇၅၀ | ၁၇၅၀ | ၁၁၁၃၂ | ၁၉၉၃၁၆၅၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၆၅၇ | ၁၈၃၉၆၀၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၁၀၁၉ | ၁၇၃၃၉၀၀ |
| AMATA | ၄၆၀၀ | ၄၆၀၀ | ၃၁၇ | ၁၄၅၈၂၀၀ |
| MAEX | ၃၃၅၀ | ၃၃၀၀ | ၃၆၅၂ | ၁၂၀၈၄၂၀၀ |
| MADPL (PLB) | ၃၆၀၀၀ | ၃၆၅၀၀ | ၈၂ | ၂၉၆၈၀၀၀ |


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ၂၀၂၄ ခုနှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၌ ကျင်းပမည့် ကိုရီးယားဘာသာအရည်အချင်းစစ် အထူးသီးသန့်စာမေးပွဲ (Special EPS-TOPIK) ကြေညာချက်

ပြည်ထောင်စုသမ္မတနိုင်ငံတော်၊ အလုပ်သမားဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာနတို့သည် နှစ်နိုင်ငံသဘောတူညီမှုစာချွန်လွှာအရ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ကိုင်ရန်ဆန္ဒရှိသော မြန်မာလုပ်သားများအတွက် အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါ ကိုရီးယားသမ္မတနိုင်ငံတွင် အနည်းဆုံး(၃)နှစ်ထက်ပို၍ တရားဝင် ကောင်းမွန်စွာ နေထိုင်အလုပ်လုပ်ကိုင်ခဲ့ပြီး မြန်မာနိုင်ငံသို့ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့ နောက်ပိုင်း ပြန်လည်ရောက်ရှိခဲ့သော မြန်မာအလုပ်သမားများအတွက် ထပ်မံသွားရောက်အလုပ်လုပ်ကိုင်နိုင်ရေး ရည်ရွယ်ပြီး (Ubiquitous Based Test UBT စနစ်ဖြင့်) ကျင်းပပြုလုပ်ပေးသော ကိုရီးယားဘာသာအရည်အချင်းစစ် အထူးသီးသန့်စာမေးပွဲဖြစ်ပါသည်။ ထိုစာမေးပွဲအောင်မြင်သူများသာလျှင် နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်အရ အလုပ်လျှောက်လွှာတင်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**၁။ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

| စဉ် | လုပ်ငန်းစဉ် | ဆောင်ရွက်မည့်နေ့ရက် | |
|---|---|---|---|
| (က) | စာမေးပွဲဖြေဆိုခွင့် Online Application ဖြင့် လျှောက်ထားခြင်း | ၉-၉-၂၀၂၄ | ၁၀-၉-၂၀၂၄ |
| (ခ) | စာမေးပွဲကျင်းပမည့် နေ့ရက် အချိန် ကြေညာခြင်း | ၂၃-၉-၂၀၂၄ | |
| (ဂ) | စာမေးပွဲကျင်းပခြင်း | ၁-၁၀-၂၀၂၄ | ၄-၁၀-၂၀၂၄ |
| (ဃ) | စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာခြင်း | ၈-၁၀-၂၀၂၄ | |

**၂။ စာမေးပွဲကျင်းပမည့် အချိန်**

| ဖြေဆိုရမည့် အချိန် | ဖြေဆိုသူများအား စစ်ဆေး ဆောင်ရွက်ခြင်း | အသိပညာပေး ရှင်းလင်း ဆွေးနွေးခြင်း | အချိန် | |
|---|---|---|---|---|
| | | | အဖတ်စွမ်းရည် (Reading) (၂၅ မိနစ်) | အကြားစွမ်းရည် (Listening)(၂၅ မိနစ်) |
| ပထမပိုင်း | ၈:၅၀ မှ ၉:၀၀ | ၉:၀၀ မှ ၉:၃၀ | ၉:၃၀ မှ ၉:၅၅ | ၉:၅၅ မှ ၁၀:၂၀ |
| ဒုတိယပိုင်း | ၁၀:၂၀ မှ ၁၀:၃၀ | ၁၀:၃၀ မှ ၁၁:၀၀ | ၁၁:၀၀ မှ ၁၁:၂၅ | ၁၁:၂၅ မှ ၁၁:၅၀ |
| တတိယပိုင်း | ၁၂:၅၀ မှ ၁၃:၀၀ | ၁၃:၀၀ မှ ၁၃:၃၀ | ၁၃:၃၀ မှ ၁၃:၅၅ | ၁၃:၅၅ မှ ၁၄:၂၀ |
| စတုတ္ထပိုင်း | ၁၄:၂၀ မှ ၁၄:၃၀ | ၁၄:၃၀ မှ ၁၅:၀၀ | ၁၅:၀၀ မှ ၁၅:၂၅ | ၁၅:၂၅ မှ ၁၅:၅၀ |

*****ဖြေဆိုသူများသတိပြုရန်**

- (၉:၃၀)နာရီမှ (၁၀:၂၀)နာရီထိ (ပထမပိုင်း)၊ (၁၁:၀၀)နာရီမှ (၁၁:၅၀)နာရီထိ (ဒုတိယပိုင်း)၊ (၁၃:၃၀)နာရီမှ (၁၄:၂၀)နာရီထိ (တတိယပိုင်း)နှင့် (၁၅:၀၀)နာရီမှ (၁၅:၅၀)နာရီထိ (စတုတ္ထပိုင်း)။
- **စာမေးပွဲဖြေဆိုသူများအား အသိပညာပေးခြင်းရှိပါသဖြင့် ပထမပိုင်းဖြေဆိုမည့်သူများသည် (၈:၃၀)နာရီ တွင်လည်းကောင်း၊ ဒုတိယပိုင်းဖြေဆိုမည့်သူများသည် (၁၀:၀၀)နာရီတွင်လည်းကောင်း၊ တတိယပိုင်း ဖြေဆိုမည့်သူများသည် (၁၂:၃၀)နာရီ တွင်လည်းကောင်း၊ စတုတ္ထပိုင်းဖြေဆိုမည့်သူများသည်(၁၄:၀၀)နာရီတွင်လည်းကောင်း သက်ဆိုင်ရာစာမေးပွဲခန်းတွင် နေရာယူပြီးဖြစ်ရပါမည်။**

**၃။ စာမေးပွဲကျင်းပမည့်နေရာ**

- အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၊ ပင်လုံခန်းမ၊ မင်းရဲကျော်စွာလမ်းနှင့် ဗိုလ်မင်းရောင်လမ်းထောင့်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။

**၄။ ခေါ်ယူမည့်လုပ်ငန်းအမျိုးအစား**

| လုပ်ငန်းအမျိုးအစား | အောင်စာရင်းသတ်မှတ်ချက် |
|---|---|
| ကုန်ထုတ်လုပ်ငန်း<br>ဆောက်လုပ်ရေးလုပ်ငန်း<br>စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း | အမှတ်ပြည့် (၂၀၀)ရှိသည့်အနက်<br>အမှတ်(၁၁၀)အထက် ရရှိသူများအား<br>အမှတ်အများ/အနည်းအလိုက်<br>သတ်မှတ်အရေအတွက်သာအောင်မြင်ခွင့်ရရှိမည်။ |

**၅။ သတ်မှတ်ချက်များ**

(က) အသက်(၁၈)နှစ်မှ (၃၉)နှစ်အတွင်း၊
**(၁၉၈၄ ခုနှစ်၊ စက်တင်ဘာလ (၁၀)ရက်နေ့မှ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ (၉)ရက်နေ့အတွင်း မွေးဖွားသူ)**
(ခ) ထောင်ဒဏ်အပြစ်ကျခံဖူးခြင်းမရှိသူ/မိခင်နိုင်ငံမှ ပြည်ပသို့ ထွက်ခွာရန် တားမြစ်ခြင်း မခံရသူ၊
(ဂ) ကိုရီးယားသမ္မတနိုင်ငံမှ နှင်ထုတ်ခြင်း/ပြန်ပို့ခြင်း မခံရသူ(တရားမဝင်နေထိုင်ခဲ့ဖူးခြင်းမရှိသူဖြစ်ရမည်။)၊
(ဃ) ကျန်းမာရေးကောင်းမွန်သူ(ကျန်းမာရေးအတွက် ဆေးစစ်ခြင်း ပြုလုပ်ပါမည်)၊
(င) E-9, E-10 ဗီဇာဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် ၅ နှစ်နှင့်အထက် နေထိုင်ခဲ့သူများ စာမေးပွဲဖြေဆိုခွင့် မရှိပါ။

**၆။ စာမေးပွဲလျှောက်လွှာတင်သွင်းခြင်း**

(က) စာမေးပွဲလျှောက်လွှာတင်သွင်းခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်၍ စာမေးပွဲလျှောက်လွှာ တင်သွင်းနိုင်ရန် link (သို့မဟုတ်) QR Code ကို အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၏ Facebook "POEA-EPS တွင် ရယူနိုင်မည်ဖြစ်ပြီး လျှောက်ထားရာတွင် လိုအပ်သည့် အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) နိုင်ငံကူးလက်မှတ် (scanned passport) ပူးတွဲတင်ပြရာတွင် -
(ကက) ယခင်ကိုရီးယားသမ္မတနိုင်ငံ၌ အလုပ်လုပ်ကိုင်ခဲ့စဉ် ကိုင်ဆောင်ခဲ့သည့်နိုင်ငံကူးလက်မှတ် (passport) (သို့မဟုတ်) လက်ရှိ နိုင်ငံကူးလက်မှတ်၊
(ခခ) ပူးတွဲနိုင်ငံကူးလက်မှတ်(scanned passport) ၏ file name ကို Passport Number ဖြင့် သတ်မှတ်ပေးရမည်ဖြစ်ပြီး သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(၁) File size - Under 100kb
(၂) Resolution - 600 Pixels.
(၃) File type - JPEG.

(၂) ဓာတ်ပုံပူးတွဲတင်ပြရာတွင်-
(ကက) (၃)လအတွင်း ရိုက်ထားသည့်ဓာတ်ပုံဖြစ်ရမည်၊
(ခခ) ပူးတွဲဓာတ်ပုံနှင့် passport စာအုပ်ပါ ဓာတ်ပုံတို့သည် တစ်ဦးတည်းဖြစ်ရမည်၊
(ဂဂ) ပူးတွဲဓာတ်ပုံ၏ file name ကို Passport Number ဖြင့် သတ်မှတ်ပေးရမည်ဖြစ်ပြီး သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -
(၁) File size - Under 15 kb
(၂) Resolution - 100-300 Pixels.
(၃) File type - JPEG.
(ဃဃ) ဓာတ်ပုံနောက်ခံအရောင် - အဖြူရောင်

(၃) Online စနစ်ဖြင့် စာမေးပွဲလျှောက်လွှာတင်သွင်းရမည့် နည်းလမ်းအသေးစိတ်ကို အစိုးရပြည်ပ အလုပ်အကိုင် အေဂျင်စီ၏ facebook POEA-EPS တွင် ထပ်မံ ကြေညာမည်ဖြစ်ပါသည်။

(ခ) စာမေးပွဲမှတ်ပုံတင်ကြေး - အမေရိကန်ဒေါ်လာ(၂၈)
- လျှောက်ထားသူများသည် အကြောင်းအမျိုးမျိုး **(မလွှဲ မရှောင်သာသည့် ကိစ္စရပ်တစ်ခုခု)**ကြောင့် လျှောက်လွှာပယ်ဖျက်လိုလျှင် လျှောက်လွှာလက်ခံသည့် ကာလအတွင်း လျှောက်ထားလာပါက ပယ်ဖျက်ပေးမည့်အပြင် စာမေးပွဲမှတ်ပုံတင်ကြေးအား ပြန်လည်ထုတ်ပေးပါမည်။

**၇။ စာမေးပွဲဖြေဆိုမည့်သူများအတွက် အထူးအခွင့်အရေးနှင့် အကျိုးခံစားခွင့်များ**

| ခုနှစ် | ကိုရီးယားဘာသာကျွမ်းကျင်မှု လက်မှတ်ရ သင်တန်းများ | | |
|---|---|---|---|
| ၂၀၁၆ | ကိုရီးယားသမ္မတနိုင်ငံတွင်း ကျင်းပသည့် TOPIK အဆင့်(၃) အောင်မြင်ပြီးသူများ | | လုပ်ငန်းနှင့် သက်ဆိုင်သည့် ကျွမ်းကျင်မှုလက်မှတ်ရ သင်တန်းများ |
| ၂၀၁၇ ခုနှစ်မှ စတင်၍ | ကိုရီးယားသမ္မတနိုင်ငံမှပြုလုပ်သည့် TOPIK အဆင့်(၃) သင်တန်းဆင်း အောင်လက်မှတ်ရရှိပါက အမှတ် ၅-မှတ် ရရှိပါမည်။ စာမေးပွဲမှတ်ပုံတင်ကြေးကင်းလွတ်ခွင့် ရရှိပါမည်။ | ကိုရီးယားသမ္မတနိုင်ငံမှ TOPIK စာမေးပွဲအဆင့်-၃ အထက်ရရှိပါက အမှတ်(၂၀)ရရှိပါမည်။ စာမေးပွဲမှတ်ပုံတင်ကြေး ကင်းလွတ်ခွင့် ရရှိပါမည်။ | -လုပ်ငန်းထူထောင်ခြင်း၊ (လုပ်ငန်းရှင်ဆိုင်ရာသင်တန်း ဆင်း လက်မှတ်ရှိပါက အမှတ် (၅)မှတ်ရရှိပါမည်) စာမေးပွဲမှတ်ပုံတင်ကြေး ကင်းလွတ်ခွင့် ရရှိပါမည်။ |
| မှတ်ချက်။ အထက်ဖော်ပြပါ ထပ်တိုးရမှတ်များအတွက် အထောက်အထားစာရွက်စာတမ်းနှင့်အတူ လျှောက်လွှာ တင်သွင်းရမည်ဖြစ်ပါသည်။ | | | |

**၈။ စာမေးပွဲမေးခွန်းပုံစံနှင့် အမှတ်ပေးစည်းမျဉ်း**

| မေးခွန်းပုံစံ | မေးခွန်းအရေအတွက် | အမှတ်ပေါင်း | ဖြေဆိုချိန် | မှတ်ချက် |
|---|---|---|---|---|
| အဖတ်စွမ်းရည် (Reading) | ၂၀-ပုဒ် (လုပ်ငန်းဆိုင်ရာ ၁၀-ပုဒ်၊ အထွေထွေ ၁၀-ပုဒ်) | ၁၀၀ | ၂၅ မိနစ် | အဖတ်စွမ်းရည် စာမေးပွဲနှင့် အကြားစွမ်းရည် စာမေးပွဲအား တစ်ဆက်တည်း ဖြေဆိုရမည်။ |
| အကြားစွမ်းရည် (Listing) | ၂၀-ပုဒ် | ၁၀၀ | ၂၅ မိနစ် | |
| စုစုပေါင်း | ၄၀-ပုဒ် | ၂၀၀ | ၅၀-မိနစ် | |

မှတ်ချက်။ စာမေးပွဲမေးခွန်းများသည် "The Standard Textbook for EPS-TOPIK" စာအုပ်ကိုအခြေခံ၍ မေးမြန်းရန်ရှိပါသဖြင့် အောက်ပါ Webpage များတွင် ဝင်ရောက်ကြည့်ရှု download ရယူနိုင်ပါသည်။ webpage (http;//epstopik,hrdkorea.or.kr)

**၉။ စာမေးပွဲအောင်စာရင်းထုတ်ပြန်ကြေညာခြင်း**

ကြေညာမည့်နည်းလမ်း -
(၁) အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၏ Facebook POEA-EPS ၊
(၂) ကိုရီးယားသမ္မတနိုင်ငံ၊ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်/ကိုရီးယာဘာသာ အရည်အချင်းစစ် စာမေးပွဲ EPS-TOPIK နှင့် ကိုရီးယားလူ့စွမ်းအားဖွံ့ဖြိုးမှုအဖွဲ့အစည်းတို့၏ Webpage, (http;//epstopik, hrdkorea.or.kr)
(၃) စာမေးပွဲသက်တမ်း(၈-၁၀-၂၀၂၄) ရက်နေ့မှ (၇-၁၀-၂၀၂၆) ရက်နေ့အထိ (အောင်စာရင်းထုတ်ပြန်ကြော်ငြာသည့်နေ့မှ (၂)နှစ်တာ)

**၁၀။** စာမေးပွဲဖြေဆိုသည့်နေ့တွင် ဖြေဆိုသူယူဆောင်လာရမည့် စာရွက်စာတမ်းများ -
(က) ဖြေဆိုခွင့်ကတ်ပြား၊
(ခ) နိုင်ငံကူးလက်မှတ် (စာမေးပွဲလျှောက်လွှာတွင် ကပ်ထားခဲ့သော နိုင်ငံကူးလက်မှတ်) မူရင်း (သို့မဟုတ်) နိုင်ငံသားစိစစ်ရေးကတ်ပြား၊
အထက်အပိုဒ်(က)၊(ခ)ပါ အထောက်အထားများ ယူဆောင်လာခြင်းမရှိပါက စာမေးပွဲအား ဝင်ရောက်ဖြေဆိုခွင့်မရှိပါ။

**၁၁။ သတိပြုရန်အချက်များ**

(က) စာမေးပွဲအောင်မြင်သူများ၏ အောင်စာရင်းကို(၈-၁၀-၂၀၂၄)ရက်နေ့တွင် အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီ၏ Facebook၊ POEA-EPS နှင့် HRD-Korea၊ EPS-TOPIK website ဖြစ်သော http://epstopik. hrdkorea.or.kr တွင် အသိပေးကြေညာမည်ဖြစ်ပါသည်။
(ခ) စာမေးပွဲလျှောက်လွှာတင်သွင်းရာတွင် ကာယကံရှင်၏ဆန္ဒဖြင့်သာ လျှောက်ထားရမည်ဖြစ်ပါသည်။
(ဂ) စာမေးပွဲဖြေဆိုချိန်တွင် အမှန်မကန်နည်းလမ်းဖြင့် ပြုလုပ်နိုင်သည့် စက်ပစ္စည်းများ (လက်ကိုင်ဖုန်း၊ Smart Watch၊ Bluetooth earphones၊ အခြားလျှပ်စစ်ပစ္စည်း စသည်များ) ယူဆောင်လာခွင့်မရှိပါ။
(ဃ) စာမေးပွဲအတွင်း မမှန်ကန်သည့် အပြုအမူများ လုပ်ဆောင်ခဲ့လျှင် ဖြေဆိုခွင့်အား (၄) နှစ်ကြာပိတ်ပင်ခြင်း ခံရမည်ဖြစ်ပါသည်။
(င) စာမေးပွဲဖြေဆိုခွင့်လျှောက်ထားရာတွင် အမည်၊ မွေးသက္ကရာဇ်၊ နိုင်ငံကူးလက်မှတ်အမှတ် စသည့်အချက်များသည် နိုင်ငံကူးလက်မှတ်တွင်ပါရှိသော အချက်အလက်များနှင့် တူညီရန်လိုအပ်ပြီး ကွဲလွဲမှုရှိခဲ့လျှင် အပြီးသတ် အောင်စာရင်းတွင်ပါဝင်ခြင်းနှင့် အလုပ်ခွင်ဝင်ရောက်ခွင့်များရရှိမည်မဟုတ်ပါ။ လျှောက်ထားသူ ကာယကံရှင်၏ တာဝန်သာဖြစ်ကြောင်း အထူး သတိပေး အပ်ပါသည်။
(စ) ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းလေဆိပ်ရောက်ရှိပြီးမှ တရားမဝင်ထွက်ပြေးခြင်း၊ သက်ဆိုင်ရာလုပ်ငန်း ခွင်ရောက်ရှိပြီးနောက် တရားဝင်ခွင့်ပြုချက်ဖြင့် အလုပ်ပြောင်းခြင်းမဟုတ်ဘဲ လုပ်ငန်းခွင်မှ ထွက်ပြေးခြင်း၊ အလုပ်အကိုင်စာချုပ်ပါ အချိန်ကာလ ပြည့်ဝပြီးနောက် ကိုရီးယားသမ္မတနိုင်ငံတွင် တရားမဝင် ဆက်လက် နေထိုင်လုပ်ကိုင်ခြင်းများ တစ်စတစ်စတိုးပွားလာရာ နှစ်နိုင်ငံ အလုပ်သမားပေးပို့ခြင်းဆိုင်ရာ သဘောတူညီချက်(MoU)ကို ထိခိုက်လာနိုင်ပြီး ယင်း(MoU)အား ရပ်ဆိုင်းခံရသည့် အခြေအနေမျိုးအထိ ဖြစ်ပေါ်လာနိုင်ပါသည်။ ယင်းအခြေအနေမျိုးမှ ကာကွယ်တားဆီးနိုင်ရန် ကြိုတင်အာမခံကြေးအဖြစ် ၁၅၀၀,၀၀၀/-(ကျပ်တစ်ဆယ့်ငါးသိန်းတိတိ)ကို မြန်မာနိုင်ငံမှ မထွက်ခွာမီ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ-၅၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၏ သတ်မှတ်ငွေစာရင်းသို့ ပေးသွင်း၍ ကျပ်သိန်း(၃၀)တန် စာချုပ်ချုပ်ဆိုဆောင်ရွက်ရပါမည်။ အလုပ်အကိုင်စာချုပ်ကို သဘောတူလက်ခံပြီးနောက် အထက်ဖော်ပြပါအချက်များကို ဖောက်ဖျက်ခဲ့လျှင် ကြိုတင်အာမခံကြေးဆုံးရှုံးမည်ဖြစ်ပြီး ခံဝန်စာချုပ်အရ ကျန်ကျပ်(၁၅)သိန်းကို အာမခံထားသူ(၂)ဦးမှ ပေးလျော်ရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

- ❖ စာမေးပွဲအောင်မြင်ခဲ့သည့်တိုင်အောင် အလုပ်လျှောက်လွှာစာရင်းတွင် ပါဝင်နိုင်ခွင့်ရရှိရုံမျှသာဖြစ်ပြီး ကိုရီးယားသမ္မတနိုင်ငံသို့ ကျိန်းသေ သွားရောက် အလုပ်လုပ်ခွင့်ရရှိရန် ရာနှုန်းပြည့် အာမခံနိုင်ခြင်းမရှိပါ။
- ❖ ကိုရီးယားသမ္မတနိုင်ငံတွင် ကျန်းမာရေးစစ်ဆေးမှုမအောင်မြင်ခြင်း၊ တရားမဝင်နေထိုင်ခဲ့သည့် မှတ်တမ်းရှိခြင်း အလုပ်လုပ်ခွင့် ပိတ်ပင်ခြင်းခံရသူသည် အလုပ်လျှောက်ထားသူအဖြစ်ရွေးချယ်ခြင်း မခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

- ❖ ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာန (MOEL)နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီတစ်ခုတည်း သာလျှင် မြန်မာအလုပ်သမားများအား ကိုရီးယားသမ္မတနိုင်ငံသို့ ပို့ဆောင်ပေးရန် တရားဝင် လုပ်ပိုင်ခွင့်ရရှိထားပါသည်။
- ❖ EPS စနစ်အရ အလုပ်သမားများစေလွှတ်သည့်ကိစ္စတွင် ဆောင်ရွက်နိုင်ခွင့်မရှိသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် ပါဝင် ပတ်သက်မှုရှိခဲ့ပါက တရားဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ပါသည်။
- ❖ ကျန်းမာကြံ့ခိုင်ပြီး မျက်လုံးအရောင်ခွဲခြားနိုင်သူ (Color Blind မဖြစ်ရ)ဖြစ်ရမည်၊ ရုပ်ပိုင်းဆိုင်ရာ(လက်ချောင်း/ ခြေချောင်း မပြည့် စုံခြင်းကဲ့သို့သော)ချို့ယွင်းချက်မရှိသူ ဖြစ်ရပါမည်။

- ❖ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်အရ ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ မှတ်ပုံတင်ကြေးပေးသွင်း၍ စာမေးပွဲ ဖြေဆိုအောင်မြင်ပြီးနောက် ကိုရီးယားသမ္မတနိုင်ငံသို့ရောက်ရှိသည်အထိ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီသို့ တရားဝင် သတ်မှတ်ထားသည့် ပို့ဆောင်စရိတ်မျှသာပေးသွားရမည်ဖြစ်ပါသည်။ သို့ပါ၍ အလုပ်အကိုင်နှင့်ပတ်သက်ပြီးအမြန်ဆုံး ထွက်ခွာ သွားရောက်နိုင်ရန်ဆက်သွယ်ပေးမည်ဟု တစ်ဦးတစ်ယောက်မှဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုမှဖြစ်စေ ယုံကြည် လောက်အောင် ပြောဆိုလျက် ငွေကြေးတောင်းဆိုမှုများ ဆုံးရှုံး နစ်နာမှုများ မခံရစေရန် အထူးသတိပြုစေလိုပါသည်။

**အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ**
**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**

## စိမ်းကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
**(ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ် လ ၃၁ ရက်)**

၁။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့တွင် ကျင်းပမည့် (၆၆) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆု ထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“ က ” အက္ခရာမှ အစဉ်လိုက် “ ဈ ” အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၉) လုံးအပေါ်မှ ၇၅ % ကို ခွဲဝေရောင်းချရာတွင် ထီစာအုပ် (၅၅၂၂၇၆) အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ် သန်း (၅၅၂၂.၇၆၀) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း ( **၃၈၆၅.၉၃၂**) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (**၂၅၀.၀၀၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| (က) | **အထူးဆုကြီး** | | | | |
| | (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ထောင် | = | (၁) | ဆု |
| | (၃) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |
| (ခ) | **ဆုတစ်ဆုချင်း** | | | | |
| | (၁) | ကျပ်သိန်းငါးရာ | = | (၄) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ရာ | = | (၅) | ဆု |
| | (၃) | ကျပ်သိန်းတစ်ရာ | = | (၉) | ဆု |
| | (၄) | ကျပ်သိန်းငါးဆယ် | = | (၁၂) | ဆု |
| | (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၆) | ဆု |
| | (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၄) | ဆု |
| (ဂ) | **ဝေဝေဆာဆာပဒေသာဆု** | | | | |
| | (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| | (၂) | ကျပ်နှစ်သိန်း | = | (၃၀၀) | ဆု |
| | (၃) | ကျပ်တစ်သိန်း | = | (၅၀၀၀) | ဆု |
| | (၄) | ကျပ်ငါးသောင်း | = | (၂၀၀၀၀) | ဆု |
| | (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |
| (ဃ) | **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀.၀၀၀) မှ ချီးမြှင့်သည့်ဆု** | | | | |
| | (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| | (၂) | ကျပ် သုံးသိန်း | = | (၂၀) | ဆု |
| | (၃) | ကျပ် နှစ်သိန်း | = | (၂၀၀) | ဆု |
| | (၄) | ကျပ် တစ်သိန်း | = | (၂၀၀၀) | ဆု |

**၄။ (၆၆) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့တွင် သီးခြားခွဲ၍ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီလက်မှတ်များကို (၃၀-၈-၂၀၂၄) ရက်နေ့ (၂၃း၅၉း၅၉) နာရီအချိန်အထိ ဆက်လက်ရောင်းချသွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေအပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ (၆၆) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၉-၂၀၂၄) ရက်နေ့ (တနင်္ဂနွေနေ့) ၊ နံနက် (၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၆၆) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို နံနက် (၁၀:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

---

### သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
### အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
### ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် (စက်ပစ္စည်း) ခွင့်ပြုရန်ပုံငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များအတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်(စက်ပစ္စည်း)ခွင့်ပြုရန်ပုံငွေဖြင့် သင်ထောက်ကူစက်ပစ္စည်းများ၊ စက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂပစ္စည်းများ ဝယ်ယူဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးအမှတ်(၂၁)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊အင်ဂျင်နီယာဌာန၊ HRD Building ၊ နေပြည်တော်တွင် (၃၀-၈-၂၀၂၄)ရက်မှ (၁၃-၉-၂၀၂၄)ရက်အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့်တင်ဒါပုံစံများကို (၁၃-၉-၂၀၂၄)ရက် ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀ (ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော www.dast.edu.mmတွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

---






---

### ဖခင်အမည်မှန်

သနပ်ပင်မြို့နယ်၊ ကသစ်ဝိုင်ကျေးရွာ၊ အ.ထ.က(ခွဲ) (ကသစ်ဝိုင်)ကျောင်း Grade-4 မှ မဖူးပြည့်စုံ ၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်လတ် (၇/သနပ (နိုင်) ၁၀၀၂၆၉)ဖြစ်ပါကြောင်း။

**ဦးအောင်ဇော်လတ်**

### ဖခင်အမည်မှန်

သနပ်ပင်မြို့နယ်၊ ကသစ်ဝိုင်ကျေးရွာ၊ အ.ထ.က(ခွဲ) (ကသစ်ဝိုင်)ကျောင်း Grade-6 မှ မောင်ကံကောင်း ၏ ဖခင်အမည်မှန်မှာ ဦးကျော်မြင့် (၇/သနပ (နိုင်) ၁၀၀၂၂၅)ဖြစ်ပါကြောင်း။

**ဦးကျော်မြင့်**

---

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၇)၊ မြေကွက်အမှတ် (၄၃၃)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ဦးဝင်းတင် အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကိုဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်ခင်ထွေး (၁၀/ကမရ(နိုင်)၀၁၆၈၅၇)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများ သိစေရန်အသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမြမွန် (LL.B. LL.M) အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း -၀၉ ၇၉၅၆၈၃၃၇၈**

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)၊ အင်း၀ (၁)လမ်း၊ မြေကွက်အမှတ် (၈၆)၊ အကျယ်အဝန်း(၄၀ပေ × ၆၀ပေ)ရှိ ဦးဌေးအောင်ဝင်း (၁၂/ဥကမ (နိုင်) ၀၂၅၂၄၀) (**PAK- ၀၀၀၁၁၁**) အမည်ပေါက် ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၈၇)နှင့်ကပ်လျှက် (၂၀ပေ × ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးမင်းစိုးဦး (၁၂/မရက (နိုင်) ၁၁၆၁၃၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးပြည့်ဖြိုးအောင် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်–၄၅၅၃၀) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

---

### ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၉/က၊ ဒဂုံ-ရော)၊ ကြံခင်းလမ်း၊ မြေကွက်အမှတ်- (၃၂၄)၊ အလျားအနံ (၄၀x၆၀)ပေ၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဦးဂနေဆာ(ခ)ဦးစံသောင်း (၁၂/မဂတ(ပြု)၀၀၀၂၃၅) အမည်ပေါက် ဂရန်မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးမျိုးမင်းဦး(၁၂/အစန(နိုင်)၁၇၀၂၅၆)မှ တရားဝင် လက်ရောက်နေထိုင် ပိုင်ဆိုင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ဂရန်မူရင်း၊ ဆက်စပ်စာချုပ်စာတမ်းမူရင်းများဖြင့် မြေကွက်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းမြင့်အောင်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသည့် စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းမြင့်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဦးဘိုဘိုအောင် | ဒေါ်ညီလှဲ့ဝင်း |
| တရားလွှတ်တော်ရှေ့နေ(စဉ် -၁၇၈၅၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၅၅) |

အမှတ်-(၆၈/၁၈)၊ (၁၆)လမ်း၊ နဝဒေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၈၄၇၇၆၇၅၊ ရုံးဖုန်း-၀၉-၄၃၀၇၃၄၄၆၊ ၀၉-၂၅၅၅၃၉၅၃၊ ၀၉-၂၅၅၅၆၅၉၁

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် 77W/72481, Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Trading Co.Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(သာယာဝတီ)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
## လျှောက်လွှာခေါ်ယူခြင်း
## နေပြည်တော်

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် အရည်အချင်းသတ်မှတ်ချက်ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | နေရာ | အနိမ့်ဆုံးပညာအရည်အချင်း သတ်မှတ်ချက် |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၅) နေရာ | တက္ကသိုလ်/ကောလိပ်မှ ဘွဲ့တစ်ခုခုရရှိရမည်။ |
| (ခ) | ယာဉ်မောင်း-၅ (ကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | (၅) နေရာ | အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။ အနည်းဆုံးယာဉ်မောင်း(ခ)လိုင်စင်ရှိရမည်၊ ယာဉ်မောင်းကျွမ်းကျင်ရမည်၊ ယာဉ်မောင်းသက်အနည်းဆုံး(၃)နှစ်ရှိရမည်။ |
| (ဂ) | ရုံးအကူ (ကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၁၀) နေရာ | အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။ (တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ ဦးစားပေးမည်) |

၂။ ဌာနကူးပြောင်းလျှောက်ထားခြင်း လက်ခံမည်မဟုတ်ပါ။

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

(ဂ) အပိုဒ်(၁)(က)၊ (ခ)၊ (ဂ) ပါ ရာထူးနေရာများအတွက် ပြင်ပမှ လျှောက်ထားသူများသည် (၃၀-၉-၂၀၂၄) ရက်နေ့တွင် အသက် (၂၈) နှစ်ထက် မကျော်လွန်စေရ၊

(ဃ) အပိုဒ်(၁) (က)၊ (ခ)၊ (ဂ) ပါ ရာထူးနေရာများအတွက် လက်ရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတွင် တာဝန်ထမ်းဆောင်နေသော နေ့စား ဝန်ထမ်းများဖြစ်ပါက (၃၀-၉-၂၀၂၄) ရက်နေ့တွင် အသက် (၄၆) နှစ်ထက် မကျော်လွန်စေရ၊

(င) အပိုဒ်(၁) (က)ပါ ရာထူး လျှောက်ထားသူများသည် ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်၊

(စ) အပိုဒ်(၁)(ခ)ပါ ရာထူးနေရာများအတွက် အမျိုးသားများသာ လျှောက်ထားနိုင်သည်၊

(ဆ) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက ဌာနတွင် အနည်းဆုံး (၃) နှစ် တာဝန်ထမ်းဆောင်မည် ဖြစ်ကြောင်း ကတိခံဝန်ချက် ရေးထိုးရမည်၊

(ဇ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ် ခြင်း (Removal)၊ ရာထူးခန့်ထားခြင်းအမိန့်စာမှ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့် မရှိပါ။

၄။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များ ပါရှိရမည်-

(က) ကိုယ်တိုင်ရေးလျှောက်လွှာ၊

(ခ) ပြည့်စုံစွာဖြည့်စွက်ထားသော ကိုယ်ရေးမှတ်တမ်း၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်၊

(ဂ) အသက်အထောက်အထားအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

(ဃ) အပိုဒ်(၁)(က)ပါ ရာထူးများအတွက် ပညာအရည်အချင်းစိစစ်ရန် ဘွဲ့လက်မှတ်နှင့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊

(င) အပိုဒ်(၁)(ခ)ပါ ရာထူးများအတွက် ပညာအရည်အချင်း စိစစ်ရန် အခြေခံပညာ အလယ်တန်းအဆင့်ရှိကြောင်း သက်ဆိုင်ရာကျောင်း၏ ထောက်ခံချက်လက်မှတ်မိတ္တူ၊ ကျွမ်းကျင်မှု အရည်အချင်းအတွက် အနည်းဆုံး ယာဉ်မောင်း(ခ)လိုင်စင်မိတ္တူ၊ ယာဉ်မောင်းသက် အနည်းဆုံး(၃)နှစ်ရှိကြောင်း ကိုယ်တိုင်ဝန်ခံချက်၊

(စ) အပိုဒ်(၁)(ဂ)ပါ ရာထူးများအတွက် ပညာအရည်အချင်း စိစစ်ရန် အခြေခံပညာ အလယ်တန်းအဆင့်ရှိကြောင်း သက်ဆိုင်ရာကျောင်း၏ ထောက်ခံချက်လက်မှတ်မိတ္တူ (သို့မဟုတ်) တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်မိတ္တူ၊

(ဆ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊

(ဇ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်းနှင့် သက်ဆိုင်ရာ နယ်မြေ ရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊

(ဈ) ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးလက်မှတ်ထောက်ခံချက်မူရင်း၊

(ည) (၂)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ(ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးသားရန်)၊

(ဋ) ရေးဖြေနှင့်လူတွေ့ လာရောက်ဖြေဆိုသည့်အခါ နိုင်ငံသားစိစစ်ရေး ကတ်ပြားမူရင်း၊ ပညာအရည်အချင်း အထောက်အထားများမူရင်း၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်း၊ ကျွမ်းကျင်မှုလက်မှတ် မူရင်းတို့ကို တစ်ပါတည်းတင်ပြရမည်။

၅။ လျှောက်လွှာများကို (၂၅-၉-၂၀၂၄) ရက်နေ့ နောက်ဆုံးထား၍ ပြန်ကြားရေး ဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ လျှောက်ထားရမည်။

၆။ အငယ်တန်းစာရေး (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူးအတွက် လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များ ပါဝင်သည့် ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပြီး ကွန်ပျူတာ ကျွမ်းကျင်မှုကိုပါ စစ်ဆေးမည်ဖြစ်ပါသည်။

၇။ ယာဉ်မောင်း-၅ (လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) ရာထူးအတွက် လျှောက်ထား သူများကို လက်တွေ့ယာဉ်မောင်းကျွမ်းကျင်မှု စစ်ဆေးမည်ဖြစ်ပါသည်။

၈။ ရုံးအကူ (လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) ရာထူးအတွက် လျှောက်ထားသူများကို လူတွေ့စစ်ဆေးခြင်းဖြင့် စစ်ဆေးမည်ဖြစ်ပါသည်။

၉။ အငယ်တန်းစာရေးရာထူးအတွက် ရေးဖြေအောင်မြင်သူများကိုသာ လူတွေ့ စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၁၀။ အရည်အချင်းစစ် စာမေးပွဲဖြေဆိုရမည့်ရက်နှင့် ဖြေဆိုခွင့်ရရှိသူများစာရင်းကို ဆက်သွယ် အကြောင်းကြားပေးမည်ဖြစ်ပါသည်။

၁၁။ သတ်မှတ်စည်းကမ်းချက်များနှင့်ကိုက်ညီမှုမရှိသော၊ မပြည့်စုံသော၊ သတ်မှတ်ရက်ထက် ကျော်လွန်ပြီးမှရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ လျှောက်လွှာတွင် ဖော်ပြချက်များနှင့် အထောက်အထား စာရွက်စာတမ်းများသည် မှန်ကန်မှု မရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။

၁၃။ အသေးစိတ်သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ရုံးချုပ်(စီမံဌာန)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်၊ ၀၆၇၃-၄၁၂၁၂၃၊ ၀၆၇၃-၄၁၂၀၂၈ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

---

## ဖခင်အမည်မှန်

လေးမျက်နှာမြို့နယ်၊ အထက လှော်ကထား Grade-12 မှ မောင်ဉာဏ်လင်းထိုက်၏ ဖခင်အမည်မှန်မှာဦးအုန်းကြိုင် ၁၄/လမန(နိုင်)၀၆၉၅၀၇ ဖြစ်ပါကြောင်း။ **ဦးအုန်းကြိုင်**

**၁၄/လမန(နိုင်)၀၆၉၅၀၇**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ လက်ဆင့်ကမ်းကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မောင်ဖေယျာထွန်း၏ ဖခင်အမည်မှန်မှာ ဆလိုင်းပီတာ ၈/မထန(နိုင်)၁၃၂၆၆၂ ဖြစ်ပါကြောင်း။

**ဆလိုင်းပီတာ**

## မိခင်အမည်မှန်

လပွတ္တာမြို့နယ်၊ အထက (ခွဲ) ရှော်ချောင်း G-10 မှ မရွှန်းလဲ့ဝေ၏ မိခင်အမည်မှန်မှာ ဒေါ်ရိုစီ ၁၄/လပတ(နိုင်)၂၇၉၃၇၀ ဖြစ်ကြောင်း။

**ဒေါ်ရိုစီ**

## မိဘအမည်မှန်

ပြွန်တန်ဆာမြို့၊ အထက(၁) Grade-12 တွင် ပညာသင်ကြားနေသော မချမ်းမြေ့ယမုံ၏ မိဘအမည်မှန်မှာ ဦးကျော်-ဒေါ်ခင်မာဝင်း ဖြစ်ပါကြောင်း။

**ဦးကျော်-ဒေါ်ခင်မာဝင်း**

## နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

စောစိန်ဘိုးမြ၏ သမီးဖြစ်သူ ကျွန်မ နော်ဥမ္မာစိန် ၇/တငန(နိုင်)၀၀၀၄၃၃၏ နိုင်ငံကူးလက်မှတ် အမှတ် MF-998496 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၂၅၆၉၇၀၂**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အထက ဖိုးဦးစိန် G-4မှ မနှင်းဝေဝေလှိုင်၏ ဖခင်အမည်မှန်မှာ ဦးမင်းမျိုးကျော် ၇/ဝမန(နိုင်)၁၂၀၉၀၀ ဖြစ်ပါကြောင်း။

**ဦးမင်းမျိုးကျော်**

## အသိပေးကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့၊ ဥယျာဉ်မြောက်ရပ်ကွက်၊ ဘုရားလမ်းတွင်နေထိုင်သူ (ဘ)ဦးသန်းငွေ၏သမီး ဒေါ်သူဇာဝင်း အသက်(၃၇)နှစ် ၁၄/ဟသတ(နိုင်)၂၇၇၁၄၁သည် ခင်ပွန်းဖြစ်သူ ဦးသန်းဇော်ဦးနှင့် စကားများ စိတ်ဆိုးပြီး ၁၆-၈-၂၀၂၄ ရက် ည (၁၀)နာရီအချိန်ခန့်တွင် ခင်ပွန်းဖြစ်သူ အိပ်ပျော်နေစဉ် ရွှေထည်လက်ဝတ်လက်စားအချို့နှင့် အဝတ်အထည်များ ယူဆောင်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှထွက်သွားသဖြင့် တွေ့ရှိသူများ ဆက်သွယ်အကြောင်းကြားပေးပါရန်နှင့် တွေ့ရှိပါကကျေးဇူးဆပ်ပါမည်။ ဖျားယောင်းသွေးဆောင်ထားသူများအား ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေး အပ်ပါသည်။ **ဦးသန်းဇော်ဦး(ဘ)ဦးတင်ဦး ၁၄/ဟသတ(နိုင်)၀၅၂၇၄၉**

**ဖုန်း၊ ၀၉-၄၄၁၄၈၃၂၈၂၊ ၀၉-၇၅၈၆၇၆၇၈၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် အပိုင်း(၅) စက်မှုဇုန်၊ မြေကွက်အမှတ် ၁၆၉၊ အကျယ်(၀.၆၈၇ဧက)ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဦးကျင်အေး(HZA.၀၁၈၂၉)နှင့် ဒေါ်ရင်မေ(HZA-၀၁၈၂၃၀)၏ အမည်ဖြင့် နှစ်(၆၀)ဂရန်အမည်ပေါက်လျက်ရှိပြီး အဆိုပါ ဂိုဒေါင်မြေ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးကျင်အေး (ဘ)ဦးမောင်ရ ၁၄/ဟသတ(နိုင်) ၀၀၄၀၅၄၊ HZA-၀၁၈၂၉၊ SSB-1၊ ရွှေစံပယ်လမ်း၊ FMI City လှိုင်သာယာမြို့နယ် နေထိုင်သူမှ ပူးတွဲအမည်ပေါက်ပြီး ဇနီးဖြစ်သူ ဒေါ်ရင်မေ ကွယ်လွန်သဖြင့် ၎င်း၏ အစုကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်ဆိုင်ကြောင်း၊ နှစ်(၆၀)ဂရန်မူရင်းနှင့် တကွ လက်ရှိပိုင်ဆိုင်ပြီး စီမံခန့်ခွဲခွင့်၊ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း၊ ဝန်ခံကတိပြု၍ လွှဲပြောင်းရောင်းချရန် အဆိုပြု ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ပေးချေထားပြီး ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက် နိုင်ပါသည်။

